ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ တနင်္ဂနွေနေ့၊ (30-7-2006) (၅၀၃၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့တွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃၀

၂၀၀၆ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံအကြီးအကဲ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအား တိုးတက်ဖွံ့ဖြိုးမှုနှင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝတိုးတက်ဖွံ့ဖြိုးမှု ဆက်စပ် နိုင်ငံ၏လက်ရှိအခြေအနေမှာ လယ်ယာအခြေခံစက်မှုအဆင့်မှ စက်မှုလုပ်ငန်းစုံထူထောင်သည့်အဆင့်သို့ တက်လှမ်းနေ အမှတ်(၂)စက်မှုဝန်ကြီးဌာနကို ဒေသသုံး အငယ်စားရေအားလျှပ်စစ်စက်ရုံများထုတ်လုပ်ရန် တာဝန်ပေးထား ဒေသန္တရသုံး ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် ရေအရင်းအမြစ်များကို ရှာဖွေတိုင်းတာဆောင်ရွက် ဆည်တမံများမှ စိုက်ပျိုးရေပေးဝေရင်း ရေအားလျှပ်စစ်စက်ရုံငယ်များ ပူးတွဲတည်ဆောက်ရန် ပြန်လည်စိစစ်

နေပြည်တော် ဇူလိုင် ၂၉

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ(၁/၂၀၀၆) အစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် ဝန်ကြီးချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

❒ နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းအတွင်း ထည့်သွင်းထားသည့် ရေအားလျှပ်စစ်စီမံကိန်း အကြီးစားနှင့် အလတ်စားများအပြင် ဒေသတွင်း သုံးစွဲရန်အတွက် အကောင်အထည်ဖော်မည့် လျှပ်စစ်စီမံကိန်း အငယ်စားများကိုလည်း ဦးစားပေးအစီအစဉ်များဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော် သွားရန်လို။

အမှာစကားပြောကြား

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီ(၁/၂၀၀၆) အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃၀-၇-၂၀၀၆
(တနင်္ဂနွေနေ့)

နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး နယ်စပ်ဒေသနေ တိုင်းရင်းသား လူမျိုးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးစားပေးစီမံဆောင်ရွက်ခဲ့သည်။

ယနေ့ကာလတွင် နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းသာယာလာသည်နှင့်အမျှ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများစွာကို တိုးမြှင့် တည်ဆောက် ဖြည့်ဆည်းပေးခဲ့ရာ တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်းသည် သိသာထင်ရှားစွာ တိုးတက်မြင့်မားလာနေပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် လမ်းသစ်မိုင် ငါးထောင်ကျော် ဖောက်လုပ်ခြင်း၊ လမ်းဟောင်းများ အဆင့်မြှင့် ပြုပြင်ထိန်းသိမ်းခြင်းနှင့် တံတားကြီးအစင်း ၇၀၊ တံတားငယ်အစင်း ကိုးရာကျော်တို့ကို တည်ဆောက်ပေးခဲ့ရာ နယ်စပ်တောင်ပေါ်ဒေသနေ ပြည်သူများ လွယ်ကူစွာ ကူးသန်းဆက်သွယ် သွားလာနိုင်ကြပြီဖြစ်သည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် အခြေခံပညာကျောင်းများကို တိုးမြှင့်တည်ဆောက်ပေးထားသည့်အပြင် လူငယ်လူရွယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်းကိုလည်း ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိသည်။

အခြေခံပညာအပြင် အဆင့်မြင့်ပညာများ ဆည်းပူးနိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ဖွင့်လှစ်လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

ယခုအခါ နယ်စပ်ဒေသများတွင် ဆေးရုံ ၇၉ ရုံ၊ ဆေးပေးခန်း ၁၀၅ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄၀ တို့ကို တည်ဆောက်ဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနေပြီဖြစ်သည်။

နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး အခြေခံစီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးလာစေရန် စီမံဖြည့်ဆည်းပေးခဲ့ရာ ယခုအချိန်အထိ ငွေကျပ် သန်းပေါင်း ၈၄၇၅၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်က နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူများက ခွဲ၊ လုံ့လ၊ ဝီရိယစွမ်းအား အပြည့်အဝဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် နယ်စပ်ဒေသများ ယခုထက် ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဩဂုတ်လမှစ၍ တက္ကသိုလ်၊ ကောလိပ် ကြိုပို့ယာဉ်စီးခများ လျှော့ချမည် စီအင်န်ဂျီဆိုင်များ ဓာတ်ငွေ့ဖြည့်သွင်းမှုစနစ်တကျရှိရေး ကြပ်မတ်စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားရာတွင် လာမည့် ဩဂုတ်လမှစ၍ တက္ကသိုလ်၊ ကောလိပ်ကြိုပို့ ယာဉ်များ၏ ယာဉ်စီးခနှုန်းထားများကို လျှော့ချပေးသွားမည် ဖြစ်ကြောင်း၊ လိုင်းကားများ၏ ယာဉ်စီးခနှုန်းထား လျှော့ချရေးကို "ခ"လိုင်စင်ယာဉ်များအားလုံး စီအင်န်ဂျီ ပြောင်းလဲမှု ပြီးစီးသည့်အချိန်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီအင်န်ဂျီဆိုင်များ ဓာတ်ငွေ့ဖြည့်သွင်းမှု စနစ်တကျရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးကြစေလိုကြောင်း၊ မှတ်တိုင်များ၌ ယာဉ်များနှစ်ထပ်ရပ်၍ အချိန်ကြာမြင့်စွာ ခရီးသည်အတင်အချ လုပ်ခြင်းများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်စေရေး၊ ဟွန်းသံ ကင်းမဲ့ဇုန်များ၌ ဟွန်းတီးခြင်း မရှိစေရေး၊ ဖြူ/နီကျား ယာဉ်မရပ်ရနေရာများတွင် ယာဉ်များရပ်နားခြင်း မရှိစေရေးနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ အနေဖြင့် သတ်မှတ်ယာဉ်စီးခထက် ပိုမို တောင်းခံခြင်း၊ ခရီးသည်များအား မချေမငံ ဆက်ဆံခြင်းများ မရှိစေရေး တာဝန်ရှိသူများက စစ်ဆေးကြပ်မတ်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်ကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများနှင့် မော်ကွန်းထိန်းများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်၊ ကောလိပ် ကြိုပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ခရီးသွားပြည်သူများ၊ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့ ပြန်လည်ရောက်ရှိ ရွှေတစ်ခု၊ ငွေတစ်ခုနှင့် ကြေးနှစ်ခု ဆွတ်ခူး

ရန်ကုန် ဇူလိုင် ၂၉

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇူလိုင် ၂၂ ရက်မှ ၂၆ရက်အထိ ကျင်းပသည့် ၂၀၀၆ခုနှစ် ဒုတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့်ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သော မြန်မာ မြားပစ်အဖွဲ့**(ယာပုံ)**သည် ဇူလိုင်၂၈ရက် နံနက် ၁၁နာရီခွဲ က ပြန်လည်ရောက်ရှိလာသည်။ မြန်မာအားကစားအဖွဲ့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် (မြားပစ်အားကစားနည်းပြ) တာဝန်ခံ နာယက ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် နာယက

အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် ရေကူးအဖွဲ့ချုပ်တို့မှ အမှုဆောင်များ၊ အားကစား မောင်မယ်များ၊ အား/ကာသိပ္ပံမှ ကျောင်းသူ၊ကျောင်းသားများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့တွင် အုပ်ချုပ်သူ၊ နည်းပြအဖြစ် မြန်မာနိုင်ငံမြားပစ် အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)၊ နည်းပြအဖြစ် ဒေါ်သီသီဝင်း၊၊ လေ့လာသူအဖြစ် ဒေါ်ငြိမ်းငြိမ်းတင့်ဆန်း (အမှုဆောင်)၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ဦးမောင်မောင် ဥက္ကာနှင့် ဦးကျော်ဇင်ထွန်း၊ အားကစားသမားများအဖြစ် လင်းနိုင်၊ ရဲမင်းဆွေ၊ ဇော်ဝင်းထိုက်၊တင်ဇင်အိနှင့် အေးသီတာ တို့ပါဝင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့သည် ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့ရာ တင်ဇင်အိက မီတာ(၅၀) အမျိုးသမီး Compound တစ်ဦးချင်းပြိုင်ပွဲ၌ ရွှေတစ်ခု၊ တင်ဇင်အိကပင် အမျိုးသမီး Compound တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲ၌ ငွေတစ်ခု၊ ရဲမင်းဆွေက မီတာ(၃၀) အမျိုးသား Compound တစ်ဦးချင်း ပြိုင်ပွဲ၌ ကြေးတစ်ခုနှင့် လင်းနိုင်က မီတာ(၇၀) အမျိုးသား Compound တစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲ၌ ကြေးတစ်ခုတို့ကို ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် ကမ္ဘာ့ထိပ်သီး၊ အာရှထိပ်သီးနှင့် အရှေ့တောင်အာရှ ထိပ်သီးမြားပစ်အသင်းများ အပါအဝင် နိုင်ငံနှင့် ဒေသမှ စုစုပေါင်း ၁၉သင်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ (ကြေးမုံ)

တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ဆေးလိပ်ကင်းစင် ဒို့ကျောင်းတစ်ခွင် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇူလိုင်၂၇ ရက်က ကျောင်းရှေ့တွင် ကျင်းပရာ တာမွေကြီး(ခ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် Golden City Shopping Centre Super Maket မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံ ဒေါ်ရှုလွမ်(ဗုဒ္ဓဂယာ)ထံ ပေးအပ်လှူဒါန်းစဉ်။(ကြေးမုံ)

ဆီးချိုရောဂါနှင့် ခံတွင်းကျန်းမာရေး

ဒေါက်တာညီညီ

ယနေ့ကမ္ဘာတွင် ကူးစက်ရောဂါ မဟုတ်သော်ငြားလည်း လူအများအတွင်း ပျံ့နှံ့ဖြစ်ပွားနေသည့် နာတာရှည်ရောဂါ တစ်မျိုးဖြစ်သော၊ ရောဂါဖြစ်ခါစတွင် လူနာအဖို့ အနေအစား၊ အသွားအလာ မပျက်သဖြင့် ရောဂါရှိနေမှန်း အလွယ်တကူ မသိနိုင်သော၊ ရောဂါရှိမှန်းသိသည်မှစ၍ ရောဂါကို ထိန်းချုပ်သောဆေးဝါး၊ အစားအစာတို့ဖြင့်သာ အရှည်သဖြင့် ရပ်တည်ရသော ရောဂါကို ကောင်းမွန်စွာ ထိန်းမထားနိုင်လျှင် ရောဂါရင့်လာသည်နှင့်အမျှ ကိုယ်တွင်းအင်္ဂါတို့ကို တတိတိဖျက်ဆီးကာ အသက်အန္တရာယ်ပြုနိုင်သဖြင့် အသံတိတ် လူသတ်သမားဟု တင်စားခေါ်ဝေါ်သော ရောဂါမှာ ဆီးချိုရောဂါဖြစ်သည်။

ဆီးချိုရောဂါဟူသည် သွေးအတွင်း အချိုဓာတ်ထိန်းနိုင်မှုစွမ်းရည် ချို့တဲ့သဖြင့် အချိုဓာတ်ပုံမှန်ထက် များနေသော ရောဂါဖြစ်ပြီး ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်တွင် “ပန်ကရိယ”အကျိတ်မှထွက်သော “အင်ဆူလင်” ဟိုမုန်းက သွေးအချိုဓာတ်ကို ပုံမှန်ထက်မများအောင် ထိန်းပေးပါသည်။ အင်ဆူလင်သည် သွေးတွင်းရှိ အချိုဓာတ်ကို ခန္ဓာကိုယ်ရှိဆဲလ်များသို့ ပို့ဆောင်ပေးပြီး ဆဲလ်များ၏ လုပ်ငန်းဆောင်တာအတွက် လိုအပ်သည့် စွမ်းအင်ကို ယင်းအချိုဓာတ်မှ ရယူသုံးစွဲစေကာ နေ့စဉ် ရှင်သန်လှုပ်ရှားစေသည်။ ပိုလျှံသော အချိုဓာတ်ကိုမူ အသည်းတွင် ဂလိုင်ကိုဂျင်အဖြစ်လည်းကောင်း၊ အသားဓာတ်အဖြစ်လည်းကောင်း၊ အဆီဓာတ်အဖြစ်လည်းကောင်း ပြောင်းလဲပြီး စွမ်းအင်ကိုစုဆောင်းသိုလှောင်စေသည်။ ဆဲလ်များအတွက် စွမ်းအင်လိုအပ်သည့်အခါမှ အသည်းမှဂလိုဂျင်သည် ပြိုကွဲပြီး ဂလူးကို့စ်အဖြစ်လည်းကောင်း၊ အသားဓာတ်ပြိုကွဲပြီး အမိုင်နိုအက်ဆစ်အဖြစ်လည်းကောင်း၊ အဆီဓာတ်ပြိုကွဲပြီး အဆီအက်ဆစ်နှင့် ကီတုန်းဘော်ဒီဟုခေါ်သော ပစ္စည်းများအဖြစ်လည်းကောင်း ပြောင်းလဲကာ လိုအပ်သော စွမ်းအင်ကို ရရှိစေပါသည်။

ဆီးချိုရောဂါ ဖြစ်သည့်အခါတွင်မူ ပန်ကရိယမှ အင်ဆူလင် မထုတ်လုပ်နိုင်ခြင်းကြောင့်သော်လည်းကောင်း၊ အင်ဆူလင်ထုတ်လုပ်မှု လျော့နည်းလာခြင်းကြောင့်သော်လည်းကောင်း၊ ဆဲလ်များက အင်ဆူလင်၏ စွမ်းရည်အပေါ် ခံနိုင်ရည်ရှိလာခြင်းကြောင့်သော်လည်းကောင်း ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်များပြောင်းလဲကာ သွေးတွင်းအချိုဓာတ် ထိန်းနိုင်မှုစွမ်းရည် ချို့တဲ့လာရာမှ အချိန်ကြာမြင့်လာသည်နှင့်အမျှ အခြားရောဂါလက္ခဏာများပါ ဆင့်ပွားဖြစ်ပေါ်စေသည်။ **ဆီးချိုရောဂါမှ ဆင့်ပွားဖြစ်စေနိုင်သော အခြားရောဂါလက္ခဏာများမှာ (၁) မျက်စိတွင် အမြင်လွှာပျက်စီးခြင်း (မျက်စိကွယ်ခြင်း)၊ (၂) ကျောက်ကပ်ရောဂါဖြစ်ခြင်း၊ (၃) ခန္ဓာကိုယ်တွင် အာရုံကြောများထိခိုက်ခြင်း၊ (၄) သွေးကြောကျဉ်းရောဂါများဖြစ်ခြင်း၊ (၅) ကလေးမွေးဖွားခြင်းဆိုင်ရာ ရှုပ်ထွေးခက်ခဲမှုများဖြစ်ခြင်း**တို့ ဖြစ်ကြသည်။ ယခုအခါတွင် ဆီးချိုရောဂါနှင့် ခံတွင်း၌ဖြစ်သည့် နာတာရှည် ရေစီးကမ်းပြိုရောဂါတို့၏ ဆက်နွယ်မှုသာဓကများကြောင့် ရေစီးကမ်းပြိုရောဂါကို ဆီးချို၏ ဆဋ္ဌမမြောက် ဆင့်ပွားဖြစ်ပေါ်သော ရောဂါတစ်ရပ်အဖြစ် သတ်မှတ်ဖော်ပြကြပေပြီ။

ဆီးချိုရောဂါကို အဓိကအားဖြင့် သုံးမျိုးခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ ကိုယ်ခံစွမ်းအင်စနစ်၏ ဖျက်ဆီးမှုကြောင့် ပန်ကရိယမှ အင်ဆူလင်ထုတ်လုပ်နိုင်သော ဘီတာဆဲလ်များ တဖြည်းဖြည်းပျက်စီးလာပြီး အင်ဆူလင်ထုတ်လုပ်မှု နှေးကွေးလာရာမှ နောက်ပိုင်းတွင် လုံးဝမထုတ်လုပ်နိုင်တော့ဘဲ အင်ဆူလင်လုံးလုံးလျားလျား ချို့တဲ့သောရောဂါဖြစ်သည်။ ယင်းအမျိုးအစားသည် အသက် ၃၀ မတိုင်မီ ဖြစ်လေ့ရှိသဖြင့် လူငယ်ဆီးချိုဟုခေါ်ပြီး ဆီးချိုရောဂါသည်များ၏ ၁၀ ရာခိုင်နှုန်းခန့် ဖြစ်ပွားလျက်ရှိသည်။ ထိုရောဂါသည်များအဖို့ အင်ဆူလင်ထိုးဆေးနှင့် အမြဲတမ်းကုသမှုခံယူရန် လိုအပ်သဖြင့် အင်ဆူလင်မှီခို ဆီးချိုဟုလည်း ခေါ်ပါသည်။

ဒုတိယအမျိုးအစားမှာ ခန္ဓာကိုယ်ရှိဆဲလ်များက အင်ဆူလင်၏ စွမ်းရည်အပေါ် ခံနိုင်ရည်ရှိလာခြင်းကြောင့်ဖြစ်ပြီး ပန်ကရိယမှ အင်ဆူလင်ထုတ်လုပ်မှုလျော့နည်းလာခြင်း၊ အသည်းမှ ဂလူးကို့စ် ပိုမိုထုတ်လုပ်ခြင်းတို့နှင့်လည်း ဆက်နွယ်ပါသည်။ ယင်းအမျိုးအစားသည် အများအားဖြင့် အသက် ၃၀ ကျော်မှ ဖြစ်လေ့ရှိသဖြင့် လူကြီးဆီးချိုဟုခေါ်ပြီး ဆီးချိုရောဂါသည်များ၏ ၉၀ ရာခိုင်နှုန်းခန့် ဖြစ်ပွားလျက်ရှိသည်။ ယင်းလူနာများအဖို့ ခန္ဓာကိုယ်တွင် ရှိနှင့်ပြီးဖြစ်သော အင်ဆူလင်၏ စွမ်းရည်ကို ပိုမိုမြင့်မားလာစေရန် အစားအသောက် ပုံစံပြောင်းလဲခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ကိုယ်အလေးချိန် လျှော့ချခြင်းနှင့် ဆီးချိုကိုထိန်းသော သောက်ဆေးများ မှီဝဲခြင်းတို့ဖြင့် သွေးတွင်းအချိုဓာတ်ကို ထိန်းထားနိုင်ပါသည်။

တတိယအမျိုးအစားမှာ အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ်ကာလတွင် ဖြစ်လေ့ရှိသော ဆီးချိုရောဂါဖြစ်သည်။ ယင်းအခြေအနေသည် ကိုယ်ဝန်မဆောင်ခင်က ရောဂါလက္ခဏာ မထင်ရှားသဖြင့် မသိခဲ့သော နဂိုကတည်းက ရှိနှင့်ပြီးသား ဆီးချိုသည် ကိုယ်ဝန်ဆောင်စဉ်ကာလမှာ စတင်တွေ့ရှိခြင်း ဖြစ်နိုင်သကဲ့သို့ မူလက ဆီးချိုမရှိဘဲ ကိုယ်ဝန်ဆောင်စဉ်ကာလ ဟိုမုန်းအပြောင်းအလဲကြောင့် သွေးတွင်း အချိုဓာတ်မြင့်မားလာခြင်းလည်း ဖြစ်နိုင်ပါသည်။

အထက်ပါ အမျိုးအစားများအပြင် မျိုးရိုးဗီဇဆိုင်ရာ ဘီတာဆဲလ်များ ချွတ်ယွင်းခြင်း၊ မျိုးရိုးဗီဇဆိုင်ရာ အင်ဆူလင်စွမ်းရည် ချို့တဲ့ခြင်း၊ ပန်ကရိယတွင် ရောဂါဖြစ်ခြင်း၊ အခြားအကျိတ်များဖြစ်သည့် အက်ဒရီနယ်၊ ပစ်ကျူတရီနှင့် သိုင်းရွိုက်အကျိတ်များတွင် ရောဂါရှိနေခြင်း၊ ဆေးဝါးနှင့် ဓာတုပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးက ပန်ကရိယကို ထိခိုက်ခြင်း၊ ကူးစက်ရောဂါပိုးများက ပန်ကရိယကို တိုက်ခိုက်ခြင်း စသည်တို့ကြောင့်လည်း ဆီးချိုရောဂါဖြစ်စေနိုင်သည်။

မည်သို့ပင်ဖြစ်စေ ကာယကံရှင်အနေဖြင့် အင်ဆူလင်ထိုးဆေး၊ သောက်ဆေး၊ အစားအသောက်နှင့် လေ့ကျင့်ခန်းတို့ဖြင့် ရောဂါကို ထိန်းချုပ်ထားခြင်းမှလစ်ဟင်း၍ သွေးတွင်းအချိုဓာတ် ထိန်းနိုင်မှု ချွတ်ယွင်းလာသည်နှင့်အမျှ မလိုလားအပ်သော အခြားရောဂါလက္ခဏာများ ရှုပ်ထွေးဖြစ်ပေါ်လာနိုင်ပေရာ လူအများ သတိမမူမိတတ်သော ဆီးချိုကြောင့် ခံတွင်း၌ဖြစ်တတ်သည့် ရောဂါလက္ခဏာများကို တင်ပြလိုပေသည်။

တံတွေးခန်းခြောက်ခြင်း(အာခေါင်ခြောက်ခြင်း)သည် ဆီးချိုရောဂါသည်များတွင် သွေးတွင်းအချိုဓာတ် မြင့်မားနေသည့် လက္ခဏာဖြစ်ပြီး တစ်ခါတစ်ရံ လျှာနှင့်ပါးစောင်အမြှေးပါးသည် ပြောင်ချောနီရဲနေ၍ ပူလောင်သော ခံစားမှုဖြစ်လာတတ်သည်။ တံတွေးခန်းခြောက်လျှင် ခံတွင်း၌ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် မှိုရောဂါပိုးများကြောင့် ဖြစ်တတ်သော အနာများ ဖြစ်လွယ်လေ့ရှိပြီး အများအားဖြင့် မှိုကြောင့်ဖြစ်သည့် ခံတွင်းမှက္ခရုအနာများ ဖြစ်လေ့ရှိသည်။ ထို့ပြင် တံတွေးခန်းခြောက်လျှင် သွားဖုံးရောင်ရောဂါ၊ သွားပိုးစားရောဂါနှင့် သွားမြစ်ရင်းပြည်တည်နာများ ဖြစ်လွယ်စေသည်။ ခံတွင်း၌ဒဏ်ရာ အနာတရဖြစ်လျှင်လည်း အနာကျက်နှေးတတ်ပါသည်။

ခံတွင်းရောဂါများအနက် ရေစီးကမ်းပြိုရောဂါသည် လူကြီးဆီးချိုရောဂါသည်များတွင် အဖြစ်အများဆုံးဖြစ်ပြီး အထူးသဖြင့် သွေးတွင်းအချိုဓာတ် ထိန်းနိုင်မှု ညံ့ဖျင်းနေသောအခြေအနေနှင့် ဆက်နွယ်ပါသည်။ ဆီးချိုလူနာတွင် ရေစီးကမ်းပြိုရောဂါရှိနေလျှင် သွေးတွင်းအချိုဓာတ် ထိန်းနိုင်မှု ပျက်ယွင်း၍ အချိုဓာတ် မြင့်မားလာပြီး ရေစီးကမ်းပြိုရောဂါသည်လည်း ဆိုးရွားသော နာတာရှည်အဆင့်သို့ ပြောင်းလဲကာ သွားခြေတွင် ကလိုင် (pockets)များ သွားရွတ်လွှာပြည်တည်နာများ ဖြစ်စေသည်။ ထိုမှတစ်ဆင့် သွားမြစ်ရင်းအရိုးများ လျင်မြန်စွာပျက်စီး၍ သွားများ ယိုင်နဲ့လာကာ ကျွတ်ထွက်ဆုံးရှုံးမှုဖြစ်စေသည်။ ခန္ဓာကိုယ်တွင်လည်း သွေးတွင်းအချိုဓာတ် အဆမတန် မြင့်တက်လာလျှင် သွေးထဲ၌ အဆီအက်ဆစ်နှင့် ကီတုန်းဘော်ဒီများ အလွန် များပြားကာ လူနာသည် သတိလစ်မေ့မြောသည်အထိ ဖြစ်နိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ ဆီးချိုရောဂါသည်များအဖို့ ရေစီးကမ်းပြိုရောဂါအပါအဝင် ခံတွင်းရောဂါများကို ကုသမှုခံယူခြင်းသည် သွေးတွင်းအချိုဓာတ် ထိန်းနိုင်မှု၌ အထောက်အကူဖြစ်စေနိုင်ကြောင်း ခိုင်မာသော သာဓကများ ရှိနေပါပြီ။ သို့ဖြစ်ရာ ဆီးချိုရောဂါသည်များသည် မိမိတို့၏ ဆီးချိုအခြေအနေကို ဆရာဝန်နှင့်ပုံမှန်ပြသ၍ စစ်ဆေးကုသမှု ခံယူသကဲ့သို့ ခံတွင်းတွင်လည်း အနာရောဂါများ ရှိ၊ မရှိ သွားနှင့်ခံတွင်း ဆေးခန်းများသို့ အနည်းဆုံး ခြောက်လတစ်ကြိမ် သွားရောက်ပြသ စစ်ဆေးခြင်းဖြင့် ဆီးချိုကို ထိန်းချုပ်ရာ၌ အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။

ဆီးချိုရောဂါသည်များအဖို့ တစ်ကိုယ်ရေ ခံတွင်းသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ခြင်းသည်လည်း ခံတွင်းရောဂါများ ကင်းဝေးစေပြီး ဆီးချိုကို ထိန်းချုပ်ရာတွင် အထောက်အပံ့ဖြစ်စေနိုင်သဖြင့် အစာစားပြီးတိုင်း ပလုတ်ကျင်းခြင်း၊ သွားပွတ်ကြိုးအသုံးပြု၍ သွားကြားများ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်သင့်သည်။ ဖလိုရိုဒ်ပါသော ခံတွင်းသန့်ဆေးရည်နှင့် သွားတိုက်ဆေးများ အသုံးပြုလျှင် သွားရောဂါ ကင်းဝေးရေးအတွက် အထောက်အကူ ဖြစ်စေပါသည်။

သွားတုအံကပ်တပ်ဆင်သူ ဆီးချိုရောဂါသည်များအနေဖြင့် အစာစားပြီးတိုင်း အံကပ်ကိုဖြုတ်၍ ဆေးကြောခြင်း၊ သွားတိုက်ခြင်း၊ လျှာသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ညအိပ်ရာဝင်ချိန်တွင် အံကပ်ဖြုတ်ထားခြင်းတို့ကို ဆောင်ရွက်ရပါမည်။ အသေစိုက်ထားသော စိုက်သွားနှင့် အံကပ်တို့၏ အနားသတ် အစွန်းများသည် ခံတွင်းအမြှေးပါးနှင့် လျှာကို ထိခိုက်ရှနာဖြစ်နေလျှင် သွားဆရာဝန်ထံသို့ အမြန်ဆုံး သွားရောက်ပြသပြီး သွားတုများကို ပြုပြင်ရပါမည်။ ထို့ပြင် ခံတွင်း၌ ဒဏ်ရာအနာတရဖြစ်လျှင် ရောဂါပိုးကူးစက်လွယ်သဖြင့် ခံတွင်းအနာများကို အတတ်နိုင်ဆုံး ဆောလျင်စွာ ကုသမှုခံယူသင့်သည်။ ခံတွင်းမှက္ခရုကဲ့သို့ အနာများဖြစ်နေလျှင် သွေးတွင်းအချိုဓာတ် မြင့်မားနေသော လက္ခဏာဖြစ်သဖြင့် မပေါ့ဆသင့်ပါ။ ခံတွင်း မှက္ခရုအနာအတွက် သင့်တော်သောဆေးကို ရွေးချယ်ရာတွင် အချို့မှိုသတ်ဆေးသည် သကြားဓာတ်ပါဝင်မှုရှိပြီး (ဥပမာ–Clotrimazole troches) အချို့သည် အသည်းပျက်စီးမှု ဖြစ်စေနိုင်သဖြင့် (ဥပမာ-Ketaconazole) ချင့်ချိန်ရွေးချယ်တတ်ဖို့ လိုအပ်ပါသည်။

ဆေးလိပ်သောက်လေ့ရှိသူ ဆီးချိုရောဂါသည်များသည် ဆေးလိပ်မသောက်တတ်သူများထက် သွားဖုံးရောင်ရောဂါ ဖြစ်ပွားစေနိုင်သည့် အန္တရာယ်မှာ ငါးဆပိုမိုပြီး ရေစီးကမ်းပြိုရောဂါ ဖြစ်ပွားစေနိုင်သည့် အန္တရာယ်မှာ အဆနှစ်ဆယ် ပိုမိုနိုင်သဖြင့် ဆေးလိပ်သောက်သည့်အကျင့်ကို အမြန်ဆုံးဖြတ်သင့်ပါသည်။ ကွမ်းစားခြင်းသည်လည်း သွားများပျက်စီးစေ၍ ခံတွင်းအနာများ ဖြစ်နိုင်သဖြင့် အတတ်နိုင်ဆုံး ရှောင်ကြဉ်သင့်သည်။ အရက်သောက်ခြင်းသည် ခံတွင်းကျန်းမာရေးကို သိသာစွာ မထိခိုက်သော်လည်း ကိုယ်တွင်းဇီဝဖြစ်စဉ်ကို တိုက်ရိုက်ပြောင်းလဲစေကာ သွေးတွင်းအချိုဓာတ် ထိန်းနိုင်မှုကိုရှုပ်ထွေးစေသည်။ ခန္ဓာကိုယ်တွင် အဆီစုပြီး ဝဖြိုးစေသည်။ အင်ဆူလင်ထိုးဆေး(သို့မဟုတ်)ဆီးချိုစားဆေး မှီဝဲနေသူများသည် အရက်သောက်ခြင်းကြောင့် သွေးတွင်းအချိုဓာတ် လျော့နည်းသွားနိုင်ပြီး နောက်ဆက်တွဲအနေဖြင့် အားနည်းခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ရင်တုန်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ချွေးထွက်များခြင်း၊ မူးဝေခြင်း၊ သတိလစ်ခြင်းအထိ ဖြစ်စေနိုင်ပါသည်။

ဆီးချိုရောဂါသည်များအတွက် သင့်တော်သော အစားအစာများမှာ ဆန်ကြမ်း၊ ဂျုံကြမ်းနှင့်ပြုလုပ်သော ထမင်း၊ ပေါင်မုန့်၊ အချိုနည်းသော သစ်သီး၊ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး၊ ပဲအမျိုးမျိုး၊ ကော်ဖီ၊ လက်ဖက်ရည်(သကြားမပါ)၊ ဟင်းရွက်ဆီ၊ အိုမီဂါ–၃ ငါးကြီးဆီ၊ အချိုနည်းသော မုန့်မျိုးစုံ စသည်တို့ဖြစ်ပြီး သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပျားရည်၊ အချိုရည်၊ ချောကလက်၊ ရေခဲမုန့်၊ ဝိုင်၊ အရက်၊ ဘီယာ၊ စည်သွတ်အသီး၊ သစ်သီးခြောက်၊ အငန်၊ အချိုမှုန့် စသည်တို့ကို ရှောင်ကြဉ်ရပါမည်။ မည်သို့ပင် သင့်တော်သောအစာကို စားသည်ဖြစ်ပါစေ အချိန်မှန်မှန်နှင့် သင့်တင့်မျှတစွာ စားသုံးရန်လိုအပ်ပြီး စားပြီးတိုင်းလည်း ခံတွင်းသန့်ရှင်းရေးကို မပျက်မကွက် ဆောင်ရွက်သင့်ကြောင်း သတိချပ်စေလိုပါသည်။

သွေးချိုတိုင်းကိရိယာ glucometer သည် ဆီးချိုရောဂါသည်များအတွက် မရှိမဖြစ်လိုအပ်ပြီး မိမိ၏သွေးချို အခြေအနေကို ပုံမှန်စစ်ဆေးသင့်သည်။ လူနာအနေဖြင့် ဆရာဝန်(သို့မဟုတ်) သွားဆရာဝန်ထံသို့ သွားရောက်ပြသတိုင်း မိမိ၏သွေးချိုအခြေအနေနှင့် ပတ်သက်၍ glucometer ကို ဘယ်အချိန်တွေမှာ ပုံမှန်တိုင်းသလဲ၊ ဘယ်အချိန်က နောက်ဆုံး တိုင်းခဲ့သလဲ၊ နောက်ဆုံးတိုင်းစဉ်က အဖြေဘယ်လောက်ရှိလဲ၊ ဘယ်အချိန်က နောက်ဆုံးအစာစားခဲ့သလဲ၊ ဘာအစားအစာတွေစားခဲ့သလဲ၊ ဘာဆေးတွေ သောက်ခဲ့သလဲ၊ ခံစားမှုဘယ်လိုရှိနေသလဲ၊ ဘယ်တုန်းက ဆရာဝန်ထံ နောက်ဆုံးပြသခဲ့သလဲ စသည့်အချက်အလက်များကို အသိပေးဖို့ လိုအပ်ပါမည်။

ပညာရှင်များ၏ ခန့်မှန်းချက်အရ ၁၉၉၅ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်ကြားတွင် ဆီးချိုရောဂါသည်များ၏ အရေအတွက်သည် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ ၄၂ ရာခိုင်နှုန်း (ရောဂါသည်ဦးရေ ၅၁သန်းမှ ၇၂သန်းထိ)၊ စက်မှုဖွံ့ဖြိုးဆဲနိုင်ငံများ၌ ရာခိုင်နှုန်း ၁၇၀(ရောဂါသည်ဦးရေ ၈၄ သန်းမှ ၂၂၈ သန်းထိ) တိုးတက်လာနိုင်သည်ဟု ဆိုပါသည်။ ဩစတြေးလျအခြေစိုက် ဆီးချိုရောဂါကောလိပ်၏ ခန့်မှန်းချက်အရဆိုလျှင် အာရှတိုက်ရှိ ဆီးချိုရောဂါသည်ဦးရေသည် ၁၉၉၇ ခုနှစ်က ၆၆ သန်း ရှိရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၁၃၂ သန်းထိ တိုးလာဖွယ်ရှိကြောင်း ဖော်ပြပါသည်။

သို့ဖြစ်ရာ ဆီးချိုရောဂါသည် ကမ္ဘာတွင် ကြီးထွားလာနေသော ကျန်းမာရေးပြဿနာဖြစ်သည့် အားလျော်စွာ ဆီးချိုရောဂါသည်များ၏ ကျန်းမာရေးကို စောင့်ရှောက်ကုသမှုပေးနေကြသည့် ဆေးပညာရှင်များအနေဖြင့် လူနာ၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး စစ်ဆေးချက်များ ဆောင်ရွက်ကြရာ၌ ခံတွင်းကျန်းမာရေးကိုပါ သွားဆရာဝန်များနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် လူနာအတွက် အကျိုးတရားများ တိုးပွားစေနိုင်ပါသည်။ လူနာများအနေဖြင့်လည်း အစာလည်းဆေး၊ ဆေးလည်းအစာဆိုသည့်အတိုင်း သင့်တင့်မျှတသော အစားအစာနှင့် ဆေးဝါးတို့ကို အချိန်မှန်မှန် မှီဝဲခြင်း၊ ခံတွင်းကျန်းမာရေး အပါအဝင် ကိုယ်ခန္ဓာကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေသော အလေ့အထကောင်းများကို ဆောင်ရွက်ခြင်းတို့ဖြင့် ဆီးချိုရောဂါမှ ဆင့်ပွားဖြစ်လာနိုင်သော အခြားရောဂါလက္ခဏာများကို ဟန့်တားလျက် ကျန်းမာရေးကို အရှည်သဖြင့် တည်တံ့ရှင်သန်စေနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ဥရောပဒေသ၌ အပူလှိုင်း ကျရောက်ခဲ့ပြီးနောက် ဘော့စနီးယားနိုင်ငံ တူဇလာမြို့တွင် မိုးကြိုးမုန်တိုင်း ဖြစ်ပေါ်နေသည်ကို ဇူလိုင် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လျှို့ဝှက်အကျဉ်းစခန်းများ ချက်ချင်းပိတ်ပေးရန် အမေရိကန်ကို ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီက တောင်းဆို

ဂျီနီဗာ ဇူလိုင် ၂၉

အမေရိကန်အစိုးရက တိတ်တဆိတ်ဖွင့်လှစ်ထားသော မည်သည့်အကျဉ်းစခန်းကိုမဆို ချက်ချင်းပိတ်ပေးရန် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီက ဇူလိုင်၂၈ရက်တွင် တောင်းဆိုလိုက်သည်။ အမေရိကန်နိုင်ငံတွင် သေဒဏ်အမိန့် ပြစ်ဒဏ်ချမှတ်မှုကို ဆိုင်းငံ့ထားရန်လည်းကောင်း၊ ကွန်ဂရက် လွှတ်တော်တွင် ကိုလံဘီယာခရိုင်ကိုယ်စား ပြုပါဝင်ခွင့် ရရှိရန်လည်းကောင်း၊ ကက်ထရီနာအမည်ရှိ ဟာရီကိန်းမုန်တိုင်းဒဏ်ခံစားခဲ့ ရသော ဆင်းရဲနွမ်းပါးသူများနှင့် လူမည်းများ၏အခြေအနေတိုးတက်မှုရှိလာရေးအတွက် အစိုးရကဆောင်ရွက်ပေးရန်လည်းကောင်း ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီက တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီသည် အမေရိကန်နိုင်ငံ၏ လူ့အခွင့်အရေး ကိစ္စရပ်များကို စစ်ကြောဝေဖန်ရာတွင်ဘောင်ကျော်ကာဆန်းစစ်လေ့လာထားသော်လည်း ယင်းကော်မတီ၏ အကြံပြုချက်များကို စဉ်းစားသုံးသပ်သွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်အား အမေရိကန်နိုင်ငံက လိုက်နာမှုအခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီက ပြီးခဲ့သည့် ရက်သတ္တပတ်တွင် နှစ်ရက်ကြာ ကြားနာစစ်ဆေးမှုပြုလုပ်ခဲ့သည်။

မိမိတို့၏ ကနဦးတုံ့ပြန်ချေပချက်များကို လူ့အခွင့်အရေးကော်မတီက ကျေနပ်အားရမှုမရှိကြောင်း၊ မိမိတို့ ထွက်ဆိုမှု အများအပြားကို ယင်းကော်မတီက မသိကျိုးကျွန်ပြုသည်ဟု ယူဆမိကြောင်း ကြားနာပွဲသို့ တက်ရောက်သော အမေရိကန်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဌာနမှ အရာရှိ မက်သရူးဝက်စ်မင်းက ပြောကြားသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီတွင်အဖွဲ့ဝင်၁၈ဦးပါဝင်ပြီး ၁၉၆၆ခုနှစ် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်း၌ ပါဝင်လက်မှတ်ရေးထိုးထားသော ၁၅၆နိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းများကို နိုင်ငံအလှည့်ကျစနစ်ဖြင့် ကြားနာစစ်ဆေးမှုပြုလုပ်သည်။

အမေရိကန်အစိုးရသည် တရားဥပဒေအရ အကာအကွယ်ပေးနိုင်မှုရှိသော နေရာများတွင်သာ အကျဉ်းသားများကို ထိန်းသိမ်းထားရှိသင့်ပြီး လျှို့ဝှက်အကျဉ်း စခန်းများဖွင့်လှစ်ခြင်းမှာ ယင်းကွန်ဗင်းရှင်းကို ချိုးဖောက်ရာကျကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီက သုံးသပ်သည်။

(အင်တာနက်)

အစ္စရေးမြောက်ပိုင်းကို ဟစ်ဇ်ဘိုလာတို့ တိုက်ခိုက် ဒုံးကျည်သစ်ဖြင့်ပစ်ခတ်၍ ခြောက်ဦးဒဏ်ရာရ

ဂျေရုဆလင် ဇူလိုင် ၂၉

ဟစ်ဇ်ဘိုလာပြောက်ကျားများက အစ္စရေးနိုင်ငံအတွင်းသို့ ဇူလိုင်၂၈ရက်က ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့၍ အနည်းဆုံး လူခြောက်ဦးဒဏ်ရာရသွားကြောင်း ရဲတပ်ဖွဲ့မှသတင်းများက ဖော်ပြသည်။

ယခုပစ်သော ဒုံးကျည်များတွင် ပစ်နေကျဒုံးကျည်များထက်တာဝေးပိုရောက်နိုင်သော ဒုံးကျည်နှစ်စင်းလည်း ပါဝင်ကြောင်းသိရသည်။ ယင်းဒုံးကျည်နှစ်စင်းသည် လက်ဘနွန်နယ်စပ်မှ ၃၃မိုင်ကွာဝေးသော အာဖူလာမြို့တွင် ကျရောက်ပေါက်ကွဲခဲ့သည်။ အစ္စရေး-လက်ဘနွန် ပဋိပက္ခ စတင်ဖြစ်ပွားသည့် ဇူလိုင်၁၂ရက်မှယနေ့အထိ ဟစ်ဇ်ဘိုလာတို့ ပစ်ခတ်ခဲ့သော ဒုံးကျည်များအနက်တွင် ဤဒုံးနှစ်စင်းသည် အစ္စရေးနိုင်ငံအတွင်းအဝေးဆုံးနေရာအထိကျရောက်လာသည့် ဒုံးများပင်ဖြစ်သည်။

ဟစ်ဇ်ဘိုလာတို့က ဒုံးကျည်အမျိုးအစားသစ်ခိုင်ဘာ-၁ကို အာဖူလာမြို့ဆီသို့ပစ်ခတ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။ ထိုဒုံးနှစ်စင်းအနက် တစ်စင်းသည် ပေါက်ကွဲစေတတ်သောပစ္စည်းပေါင်း၂၂၀ပါသော ထိပ်ဖူးကို သယ်ဆောင်ထားကြောင်း အစ္စရေးမီဒီယာများက ရေးသားခဲ့သည်။ယင်းဒုံး၏အစအနများကို စုံစမ်းလေ့လာရန် သိမ်းဆည်းသွားသည်။

ဖော်ပြခဲ့

အဝေးဆုံးနေရာအထိ ကျရောက်သော ဒုံးနှစ်စင်းသည် ဟစ်ဇ်ဘိုလာတို့၏ ဒုံးကျည်အမျိုးအစားသစ်ဖြစ်ကြောင်းကို လုံခြုံရေးဆိုင်ရာများက အတည်ပြုခဲ့သည်။သို့သော် ဤကိစ္စနှင့်ပတ်သက်သော အသေးစိတ်သတင်းများကို ဖော်ပြခဲ့ခြင်းမရှိပေ။

ဟစ်ဇ်ဘိုလာတို့၏ လက်နက်တိုက်တွင် ဒုံးကျည်အစင်းပေါင်း ၁၃၀၀၀ခန့်ရှိနေပြီး မိုင်၆၀အထိ ပစ်ခွင်းနိုင်သော ဒုံးကျည်အမျိုးအစားများလည်း ပါဝင်ကြောင်း သတင်းများက ဆိုသည်။

ပေါက်ကွဲ

ဤပဋိပက္ခအတွင်း အစ္စရေးနိုင်ငံမြောက်ပိုင်းမြို့ပေါင်း ခြောက်မြို့ကျော်ပေါ်သို့ ဒုံးကျည်အစင်းပေါင်း ၉၀ကျော် ကျရောက်ပေါက်ကွဲခဲ့ပြီးဖြစ်သည်ဟုရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



အစ္စရေးနိုင်ငံ မြောက်ပိုင်းရှိ အဆောက်အအုံတစ်ခု ဟစ်ဇ်ဘိုလာတို့၏ ဒုံးကျည်ထိမှန်ပြီး မီးလောင်နေသည်ကို ဇူလိုင် ၂၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆွစ်ဇာလန်တွင် အပူလှိုင်းကျရောက် တိရစ္ဆာန်ရုံမှ သတ္တဝါများ ရေခဲစိမ်အစာကျွေး

ဇူးရစ် ဇူလိုင် ၂၈

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် အပူလှိုင်းကျရောက်လျက်ရှိရာ ထိုမြို့တိရစ္ဆာန်ရုံအတွင်း မွေးမြူထားသော တိရစ္ဆာန်များကို အပူဒဏ်မှ သက်သာရာရစေရန် ရည်ရွယ်၍ ရိုးရိုးကျွေးနေကျ အစာများအစား ရေခဲစိမ် အစားအစာကို ကျွေးမွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြသည်။

ထိုအစားအစာများတွင် ရေခဲစိမ် ဘယ်ရီသီးများ၊ အသားများနှင့် ငါးများ ပါဝင်ကြောင်း သိရသည်။ ရာသီဥတု ပူအိုက်လှပြီး ချွေးတပြိုက်ပြိုက်ကျနေသည့် အခြေအနေ၌ ရေခဲစိမ် အစားအစာများ စားသုံးရသော ကြောင်ကြီးမျိုးနွယ်ဝင် သားကောင်များ၊ မျောက်ဝံများနှင့် ဝံပုလွေများမှာ အကြိုက်တွေ့နေကြသည်ကို တွေ့ရသည်ဟု ဇူးရစ်တိရစ္ဆာန်ရုံမှ လာသော သတင်းက ဆိုသည်။

ယခုနှစ်နွေရာသီတွင် ဥရောပတိုက်၌ မကြုံဖူးလောက်အောင် ပူပြင်းသော နွေဥတုကို ခံစားကြရသည်။ ၁၉၈၃ခုနှစ်နောက်ပိုင်း ယခုဇူလိုင်လသည် ဆွစ်ဇာလန်နိုင်ငံအတွက် အပူအိုက်ဆုံး နွေရာသီပင်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားကြသည်။

အမ်အင်အေ၊ရိုက်တာ။

တိရစ္ဆာန်ရုံတွင်းမှ ပိုလာဝက်ဝံတစ်ကောင် ရေခဲစိမ် အစားအစာ စားနေသည်ကို ဇူလိုင် ၂၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်ဖိအားပေးမှု လက်မခံဟု ချီလီသမ္မတပြောကြား

စန်တီယာဂို ဇူလိုင် ၂၈

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတို့နှင့်ပတ်သက်သောကိစ္စများတွင် အမေရိကန်နိုင်ငံက ချီလီနိုင်ငံအပေါ် အမေရိကန် အလိုကျလုပ်ဆောင်ရန် ဖိအားပေးလာသည်ကို မိမိနိုင်ငံအနေဖြင့် လက်ခံလိမ့်မည်မဟုတ်ဟု ချီလီသမ္မတ မစ်ချယ်ဘချလက်က ဇူလိုင် ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ချီလီနိုင်ငံသည် နိုင်ငံခြားရေးမူဝါဒနှင့် စပ်လျဉ်းလာလျှင် အတိတ်ကာလကလည်းကောင်း၊ မျက်မှောက်ကာလ၌လည်းကောင်း လွတ်လပ်စွာသာ ရပ်တည်ခဲ့သည်။ အနာဂတ်တွင်လည်း ထိုအတိုင်းပင်ရပ်တည်သွားရန်ရှိသည်ဟု သမ္မတဘချလက်က ဆက်လက်ပြောကြားသည်။

ချီလီအနေဖြင့် လုပ်ဆောင်မှုများနှင့်ပတ်သက်၍ စဉ်းစားရာ၌ မိမိအကျိုးစီးပွားနှင့်ဒေသဆိုင်ရာအကျိုးစီးပွားတို့နှင့်ဆက်စပ်၍စဉ်းစားသွားမည်ဟုဆိုသည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (အိုင်စီစီ)တွင် အရေးယူရမည့် ကိစ္စများဖြစ်ပေါ်လာလျှင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အမေရိကန် ကိုယ်စားလှယ်များကို အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးရန် ကန်တို့က လိုလားသည်။ ထိုကိစ္စကို ချီလီနိုင်ငံက မလိုလား၊ ဆန့်ကျင်သည်။ ကန်တပ်ဖွဲ့ဝင်များနှင့် အမေရိကန် ကိုယ်စားလှယ်များကို အရေးယူခြင်းမှ ကင်းလွတ်ခွင့်မပေးရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

နိုင်ငံတစ်နိုင်ငံသည် အမေရိကန်၏ အလိုကျ လိုက်နာဆောင်ရွက်ပေးခြင်းမရှိလျှင် ကန်က ထိုနိုင်ငံသို့ စစ်ရေးအထောက်အပံ့ မပေးဘဲထားခြင်း၊ စစ်ပစ္စည်းများ ရောင်းချမပေးခြင်း၊ စစ်သင်တန်းပေးခြင်းကိစ္စများကို ကန့်သတ်ထားခြင်း၊ ဆိုင်းထားခြင်းများ ပြုလုပ်သည့်မူဝါဒကို လက်ကိုင်ထားရှိသည်။

ဗင်နီဇွဲလားနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်ကြိုးပမ်းလျက်ရှိသည်။ ထိုကိစ္စကို ကုလသမဂ္ဂ၌ မဲခွဲလျှင် ချီလီနိုင်ငံအနေဖြင့် ဗင်နီဇွဲလားနိုင်ငံဘက်မှ ထောက်ခံမဲမပေးရန် အမေရိကန်က ချီလီနိုင်ငံကို တောင်းဆိုခဲ့သည်။

ယင်းကဲ့သို့သောကိစ္စများကို ဆုံးဖြတ်ရာ၌ ချီလီသည် မည်သည့်အခါတွင်မျှ မည်သည့်နိုင်ငံ၏ ဖိအားကိုမျှလက်ခံခဲ့ခြင်းမရှိကြောင်းကို ပြသခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ ယခုတစ်ကြိမ်ကန်၏ ဖိအားပေးမှုသည်လည်းအကျိုးထူးလာလိမ့်မည်မဟုတ်ဟု သမ္မတဘချလက်က ပြောကြားသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားတွင် ဆူနာမီကျရောက်ပြီးနောက် လယ်ယာနှင့်ငါးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်

ဂျကာတာ ဇူလိုင် ၂၈

အင်ဒိုနီးရှားနိုင်ငံ ဂျဗားကျွန်းကမ်းခြေတောင်ပိုင်းတွင် ပြီးခဲ့သောရက်သတ္တပတ်က ဆူနာမီလှိုင်း ကျရောက်ခဲ့ရာ အိုးပစ်အိမ်ပစ် ထွက်ပြေးကြရသူ ၄၅၀၀၀ ရှိကြောင်း၊ ယင်းသို့ ထွက်ပြေးကြသူများအနက် ထက်ဝက်ကျော်သည် မိမိတို့ နေအိမ်များသို့ ပြန်သွားကြကြောင်း တာဝန်ရှိသူများက ဇူလိုင် ၂၆ ရက်တွင် ပြောကြားသည်။

သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် ဘေးလွတ်ရာ အမြင့်ပိုင်းဒေသသို့ ထွက်ပြေးသွားကြသူများသည် ကိုးရက်ခန့်ကြာပြီးနောက် ၎င်းတို့၏ လုပ်ငန်းများဖြစ်သော လယ်ယာလုပ်ငန်းများနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းတို့ကို ပြန်လည်လုပ်ဆောင်လျက်ရှိသည်။

လှိုင်းလုံးကြီးများ ရိုက်ခတ်မှုကြောင့် တောင်ဘက်ကမ်းခြေ အရှည် ကီလိုမီတာ ၃၀၀ အထိ ပျက်စီးသွားပြီး သေဆုံးသူများလည်းရှိသည်။

ဝမ်းစာဖူလုံရေးအတွက် လယ်ယာလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းတို့ကို ပြန်လည်လုပ်ကိုင်လျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ ကြက်ခြေနီအဖွဲ့ဥက္ကဋ္ဌ ရာခ်မန်က ပြောကြားသည်။

ဘေးဒုက္ခ ကျရောက်ရာနေရာမှ ပြောင်းရွှေ့သွားသူ နှစ်မျိုးရှိကြောင်း၊ တချို့မှာ ၎င်းတို့၏အိမ်များ ပျက်စီးမှုကြောင့်လည်းကောင်း၊ အချို့မှာ ဆူနာမီလှိုင်းနှင့် ငလျင်ထပ်မံကျရောက်မည်ကို စိုးရိမ်ကြောက်လန့်သောကြောင့်လည်းကောင်း ပြောင်းရွှေ့သွားကြခြင်းဖြစ်သည်။

ဘေးအန္တရာယ် ကျရောက်ရာနေရာတို့တွင် အခြေအနေမှာ တဖြည်းဖြည်း ပြန်လည် တိုးတက်ကောင်းမွန်လျက်ရှိသော်လည်း မူလအခြေအနေသို့ ပြန်လည် ရောက်လာဖွယ်မရှိသေးကြောင်း ဖော်ပြထားသည်။

ဆူနာမီလှိုင်း ကျရောက်မှုကြောင့် ပျောက်ဆုံးနေသူ ၉၄ ဦးရှိပြီး သေဆုံးသူ ၆၅၆ ဦးရှိသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အိန္ဒိယကျောင်းသားတစ်ဦး အပြည်ပြည်ဆိုင်ရာ အာကာသသိပ္ပံဆု ဆွတ်ခူး

မော်စကို ဇူလိုင် ၂၈

အပြည်ပြည်ဆိုင်ရာ အာကာသသိပ္ပံပြိုင်ပွဲတွင် အိန္ဒိယကျောင်းသားတစ်ဦးသည် ပထမဆုကို ဆွတ်ခူးသွားကြောင်း အမေရိကန်နှင့် ရုရှားနိုင်ငံတို့ ပူးပေါင်းစီစဉ်သည့် ဆုချီးမြှင့်ရေးအဖွဲ့ထံမှ လာသောသတင်းက ဖော်ပြသည်။

ယင်းပြိုင်ပွဲသို့ အိန္ဒိယ ကျောင်းသား တင်သွင်းခဲ့သော စာတမ်းမှာ လမြေလွှာမှ အောက်ဆီဂျင်ဓာတ်ကို စီးပွားဖြစ် ထုတ်လုပ်ရေး စာတမ်းဖြစ်သည်။ ထိုတင်ပြချက်ကို လက်တွေ့ဖြစ်နိုင်စရာ အလားအလာရှိသော အာကာသ ခရီးသွားလာရေး အခွင့်အလမ်းတိုးမြှင့်စေမည့် လမြေလွှာမှ အောက်ဆီဂျင် ထုတ်ယူရေးစာတမ်းဟု အမည်ပေးထားသည်။ ***အမ်အမ်အေ၊ ပီတီအိုင်။***

တရုတ်နိုင်ငံ ပေကျင်းမြို့၌ မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးနေသည်ကို ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တရုတ်နိုင်ငံ၌ သတ္တုထုတ်လုပ်မှု သိသာစွာမြင့်တက်

ပေကျင်း ဇူလိုင် ၂၈

တရုတ်နိုင်ငံ၏ သံမဟုတ်သော အခြားသတ္တုများ ထုတ်လုပ်မှုသည် ၂၀၀၆ ခုနှစ် ပထမခြောက်လအတွင်း သိသိသာသာ မြင့်မားလာကြောင်း တရုတ်နိုင်ငံ သံမဲ့သတ္တုထုတ်လုပ်သူများအသင်းက ဇူလိုင် ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

သံမဟုတ်သော သတ္တုများတွင် ကြေးနီ ဒန်၊ ခဲ၊ သွပ် စသည့်သတ္တုများ ပါဝင်သည်။ ၂၀၀၆ ခုနှစ် ပထမခြောက်လတွင် တရုတ်နိုင်ငံသည် ကြေးနီတန် ၁ ဒသမ ၄၆ သန်း ထုတ်လုပ်ကြောင်း ဖော်ပြပါအသင်း၏ စာရင်းအင်းများအရ သိရသည်။ နှစ်အလိုက် ထုတ်လုပ်မှုနှင့်နှိုင်းယှဉ်မည်ဆိုလျှင် ယခင်နှစ်အလားတူ အချိန်ကထက် ထုတ်လုပ်မှု ၂၁ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုလာခြင်းဖြစ်သည်။

ဒန်၊ သတ္တုထုတ်လုပ်မှုမှာ တန် ၄ ဒသမ ၂၇ သန်းရှိရာ ယခင်နှစ်အလားတူ ကာလကထက် ၁၅ ဒသမ ၄၇ ရာခိုင်နှုန်း တိုးတက်ထွက်ရှိလာခြင်းဖြစ်သည်။ ခဲထုတ်လုပ်မှုမှာ တန် ၁ ဒသမ ၃ သန်းရှိပြီး ယခင်နှစ်ကထက် ၂၁ ဒသမ ၇၈ ရာခိုင်နှုန်း ပိုမိုလာခြင်းဖြစ်သည်။ သွပ်သတ္တုထုတ်လုပ်မှုသည် ၁၅ ဒသမ ၂၆ ရာခိုင်နှုန်း တိုးတက်လာရာ ထုတ်လုပ်မှု တန်ချိန်အားဖြင့် ၁ ဒသမ ၄၈ သန်းရှိသည်။

အဓိကကျသော သံမဲ့သတ္တု ၁၀ မျိုး ထုတ်လုပ်မှုသည် စုစုပေါင်း တန်ချိန် ၈ ဒသမ ၉၄ သန်းရှိသဖြင့် ယခင်နှစ်ထုတ်လုပ်မှု စုစုပေါင်းထက် ၁၆ ဒသမ ၇၇ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာသည်။ ကြေးနီနှင့် အခြားသော အဓိကအရေးပါသည့် သံမဲ့သတ္တုများ၏ ဈေးနှုန်းသည် မကြာသေးမီနှစ်များက ကမ္ဘာ့ဈေးကွက်တွင် ပုံမှန် မြင့်တက်လာခဲ့သည်။

ထိုသို့ ဈေးကောင်းသည့်အတွက် ယခင်နှစ်ပထမခြောက်လတွင် တရုတ်သံမဲ့သတ္တု ထုတ်လုပ်သူများသည် ဝင်ငွေအမေရိကန်ဒေါ်လာ ၇၃ ဒသမ ၃၀ ဘီလီယံ ရရှိလိမ့်မည်ဟု မျှော်မှန်းထားသည်။ ထုတ်လုပ်သူများအနေဖြင့် ရရှိမည့် အမြတ်ငွေမှာလည်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၃ ဘီလီယံ အထိရှိလာမည်ဟု ခန့်မှန်းထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လမ်းလျှောက်နေသူအပေါ်သို့ နှစ်ထပ်တိုက်ပေါ်မှ ခွေးကြီးတစ်ကောင်ပြုတ်ကျ

ဝါဆော ဇူလိုင် ၂၈

လမ်းပေါ်တွင် လမ်းလျှောက်နေသူ ပိုလန်နိုင်ငံသားတစ်ဦးပေါ်သို့ နှစ်ထပ်ပေါ်မှ ခွေးကြီးတစ်ကောင် ပြုတ်ကျခဲ့သော်လည်း ထိုလူသည် အသက်မသေဘဲ ပွန်းပဲ့ဒဏ်ရာမျှသာ ရခဲ့ကြောင်း ဆော့စနိုဝစ်မြို့မှလာသော သတင်းက ဖော်ပြသည်။

ထိုမြို့သည် ပိုလန်နိုင်ငံတောင်ပိုင်းတွင် တည်ရှိသည်။ ယင်းအဖြစ်အပျက်သည် တနင်္လာနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လမ်းလျှောက်နေသူအပေါ်သို့ ပေါင် ၁၁၀ ခန့်လေးသော ခွေးကြီး ပြုတ်ကျလာသည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

အရက်မူးနေသော ခွေးပိုင်ရှင်က ၎င်း၏စိန့်ဘားနဒ်အမျိုးအစားခွေးကြီးကို နေအိမ်ပြတင်းပေါက်မှ ပစ်ချခဲ့ခြင်းဖြစ်သည်။ ခွေးမှာလည်းလူပေါ်ကျသဖြင့်အကျတော်ပြီး ပွန်းရာဒဏ်ရာမျှသာ ရရှိခဲ့သည်။ ***အင်တာနက်။***

လက်ဘနွန်နိုင်ငံတောင်ပိုင်း နယ်စပ်ကျေးရွာမှ စစ်ဘေးလွတ်ရာသို့ ထွက်ပြေးလာကြသော မိသားစုတစ်စုကို ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဖိလစ်ပိုင်တွင် အခြေခံအဆောက်အအုံပြုပြင်တည်ဆောက်မှုများ ပြုလုပ်သွားမည်

မနီလာ ဇူလိုင် ၂၈

ဖိလစ်ပိုင်နိုင်ငံသည် အခြေခံအဆောက်အအုံများအား ပြင်ဆင်ဖွံ့စည်းသည့်အနေဖြင့် တည်ဆောက်မှုလုပ်ငန်းအများအပြားကို ပြုလုပ်သွားရန်ရှိကြောင်း ဝန်ကြီးအဖွဲ့မှ အထက်တန်းအရာရှိတစ်ဦးက ဇူလိုင် ၂၆ ရက်တွင် ပြောကြားသည်။

အဆိုပါ ပြင်ဆင်တည်ဆောက်မည့် လုပ်ငန်းအစုစုအတွက် ကုန်ကျစရိတ်သည် ပီဆိုငွေ ၂၀၇ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၇ ဘီလီယံ)ရှိမည်ဖြစ်သည်။ ထိုရင်းနှီးမြှုပ်နှံမှုများအနက် ပီဆို ၇၄ ဘီလီယံကို နိုင်ငံ့ဘတ်ဂျက်မှ ကျခံမည်ဖြစ်ပြီး ပီဆို ၉၆ ဘီလီယံကို နိုင်ငံပိုင်ကုမ္ပဏီများက ကျခံသုံးစွဲရမည်ဖြစ်သည်။

ကျန်ရှိသော ပီဆိုငွေ ၃၇ ဘီလီယံကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများထံမှ ရယူမည်ဖြစ်ကာ ဆက်လက်လိုအပ်သည်များကို ဒေသဆိုင်ရာအစိုးရများက ကျခံသုံးစွဲရမည်ဖြစ်ကြောင်း တာဝန်ရှိသူ အီဒူအာဒိုအီအာရ်မီတာက သတင်းထောက်များကို ပြောကြားသည်။

အစိုးရအဖွဲ့သည် ထိုစီမံကိန်းအတွက် ယခုနှစ်တွင် ပီဆိုငွေ ၁၁ ဒသမ ၆ ဘီလီယံကို သုံးစွဲသွားမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အစ္စရေးသို့ လက်နက်များပို့သော အမေရိကန်လေယာဉ် ဗြိတိန်နိုင်ငံ ပရက်ဝစ်လေဆိပ်သို့ ခေတ္တဆင်းသက်လာသည်ကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာ သတင်းများ

အစ္စရေးသို့ လက်နက်များတင်ပို့သော ကန်လေယာဉ် စကော့တလန်လေဆိပ်၌ ရပ်နားခဲ့မှု ဗြိတိန် မကျေနပ်

ရောမ ဇူလိုင် ၂၈

အမေရိကန်က အစ္စရေးနိုင်ငံသို့ လက်နက်များတင်ပို့ပေးခဲ့သောကိစ္စတွင် ဗြိတိန်နိုင်ငံရှိ လေဆိပ်ကို အသုံးပြုခဲ့သော လုပ်ရပ်နှင့်ပတ်သက်၍ ဗြိတိသျှအစိုးရက မကျေနပ်ကြောင်း ကန့်ကွက်လွှာပေးပို့သွားမည်ဟု ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မာဂရက်ဘက်ကက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ အစ္စရေးနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် လက်ဘနွန်နိုင်ငံအတွင်းရှိ ဟစ်ဇ်ဘိုလာ ပြောက်ကျားများနှင့် အပြင်းအထန်တိုက်ခိုက်လျက်ရှိသည်။ အမေရိကန်တို့က အစ္စရေးလိုအပ်နေသော လက်နက်များကိုပေးပို့ရာ၌ နည်းလမ်းမမှန်မကန် ပြုလုပ်ခဲ့ဖွယ်ရာရှိသည်ဟု ဘက်ကက်က ပြောကြားသည်။

လက်ဘနွန်ကိစ္စ ဖြေရှင်းရန်အတွက် နိုင်ငံခြားရေးဝန်ကြီးများ စုပေါင်းကာ အီတလီနိုင်ငံ ရောမမြို့တွင် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။ ထိုအစည်းအဝေး၌ ဘက်ကက်က အမေရိကန်တို့ကို ဗြိတိန်က မကျေမနပ်ဖြစ်ရသည်ဆိုသောအချက်ကို အသိပေးခဲ့ပြီးဖြစ်သည်။ အစ္စရေးသို့ လက်နက်ပေးပို့သော အမေရိကန်ကုန်တင်လေယာဉ်သည် ဆီဖြည့်ရန် စကော့တလန်ရှိ ပရက်ဝစ်လေဆိပ်တွင် ရပ်နားသွားသည့်သတင်းကို ဗြိတိသျှမီဒီယာသတင်းဌာနက ပြီးခဲ့သော ရက်သတ္တပတ်အတွင်းက ဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

နေပြည်တော်-ရန်ကုန် အမြန်ယာဉ်လိုင်းသစ်ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၉

အာရှအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၏ နေပြည်တော်-ရန်ကုန် (Asia Express)အမြန်ယာဉ်လိုင်းသစ် ဖွင့်ပွဲကို ဇူလိုင်၂၃ရက် နံနက် ၈နာရီတွင် ပျဉ်းမနားမြို့နယ် မော်တော်ယာဉ်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီရုံးအဆောက် အအုံ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များ၊(Asia Express)အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားပြီး (Asia Express) အဆင့်မြင့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း ဥက္ကဋ္ဌဦးဝင်းနိုင်က ယာဉ်လိုင်းသစ် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများအား ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ထို့နောက် နေပြည်တော်-ရန်ကုန် (Asia Express) အမြန်ယာဉ်လိုင်းသစ်ကို တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအမြန်ယာဉ်လိုင်းသစ်သည် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်ကို နေ့စဉ် နံနက် ၇နာရီနှင့် ည ၈နာရီတို့တွင် ရန်ကုန် နှင့် နေပြည်တော်တို့မှ တစ်ပြိုင်တည်းပြေးဆွဲပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာရှအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၏ နေပြည်တော်-ရန်ကုန် Asia Express အမြန်ယာဉ် လိုင်းသစ်ဖွင့်ပွဲတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်တို့ ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ သင်ကြားစီမံ ဆရာတော် အပါး ၇၀နှင့် စာသင်သား သံဃာတော်အပါး ၃၈၀ တို့အား ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုးနှင့် သားသမီးမြေးတစ်စုက တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၆ ရက်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ ဒုတိယ နာယကချုပ် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဥတ္တမထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး အလှူရှင် မိသားစုက ဆရာတော် ငါးပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၄၉၆၀၀၀ ကို နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြ၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆွဲ့မထဆန် တစ်ပြည် ကျပ်၄၀၀ဖြင့် အခွန်လွတ်ဈေးများ၌ လွတ်လပ်စွာ ဝယ်ယူနိုင်

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ မြောက်ဥက္ကလာပမြို့နယ် မြနန္ဒာဈေး၌ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းမှ အများပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူ စားသုံးနိုင်ရန်အတွက် ရောင်းချလျက်ရှိသော ဆန်အရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး များနှင့် မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၏ ဆန်အရောင်း ဆိုင်များကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိ သူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်သည် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ ရန်ကင်းအခွန်လွတ်ဈေးသို့ ရောက်ရှိပြီး ရန်ကင်း အခွန်လွတ်ဈေး၊ တာမွေအခွန်လွတ်ဈေး၊ သာကေတမြို့နယ် ရွှေခင်းသာ အခွန်လွတ်ဈေး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) အခွန်လွတ်ဈေးများသို့ သွားရောက်၍ ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ်တပ်ရင်းများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် ကိုယ်တိုင် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ အရောင်းဆိုင်များမှ ဟင်းသီးဟင်းရွက်၊ သား၊ ငါး၊ ဆန်၊ ဆီ၊ ကြက်ဥ၊ ကုန်ခြောက်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ကျပ် ၄၀၀

ရန်ကုန်မြို့တော်နေ ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်းက ဆန်အရောင်းဆိုင် စုစုပေါင်း ၁၃ဆိုင် ဖွင့်လှစ်ထားရှိပြီး အဆိုပါ ဆန်အရောင်းဆိုင်များတွင် ဧည့်မထ (၂၅မှတ်) ဆန်တစ်ပြည်လျှင် ငွေကျပ် ၄၀၀နှုန်းဖြင့် မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ပြီး မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များ အသင်းက အလားတူဆန်အရောင်းဆိုင်များကို ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၌ ထပ်မံတိုးချဲ့ ဖွင့်လှစ်ဖြန့်ဖြူးရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွင့်ကြည့်လိုက်ပါ သူတို့မီဒီယာ

* ကြည့်နေတာကို မွှေနှောက်
ပြေပျောက်ပြီးကိစ္စ ပြန်ဆွ
လှနေလျှင် ဖျက်ဆီး
စည်းလုံးနေလျှင် ဖြိုခွဲ
ခိုင်မြဲနေလျှင် လျော့ရဲအောင်လုပ်
အားထုတ်နေလျှင် ခြိမ်းခြောက်
ထွန်းပေါက်နေလျှင် ပြောင်လှောင်
ဝင်းပြောင်နေလျှင် ဆေးပက်
ချီတက်နေလျှင် ဟန့်တား
စည်ကားနေလျှင် ပွဲလှန့်
ကြံ့ခိုင်နေလျှင် ကိုင်လှုပ်
ဗရုတ်ဗရက် အခြေပျက်ရေး
ဖောင်းပေးနေတာ ကောင်းသလား
ရိုးရိုးသားသား စဉ်းစားသာကြည့်
ပကတိအဖြေ
လူတွေမကြိုက် ဒီလိုစရိုက်။
* ဒီအသွင် ဒီစရိုက်
သာမန်လူတွေ မကြိုက်ပေမယ့်
တကယ့်ထိပ်သီး အင်အားကြီးနဲ့
ဆုကြီးရှင်များ စဉ်းစားကာတွေး
လူ့အခွင့်အရေးအတွက်
တွက်ချက် တီထွင်
ဒီအသွင် ဒီစရိုက်
နှစ်နှစ်ခြိုက်ခြိုက် အကြိုက်ကြီးကြိုက်
ဖွင့်ကြည့်လိုက်ပါ သူတို့မီဒီယာ
တွေ့ရလိမ့်မှာ မလွဲပါ။ ။

ပျံလွှား

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သိမြင်သုတတိုးပွားစေရာ ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်မှာ
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	အနုပညာရုပ်ဝန်းမှ ပွဲတင်သံများ (လှမြင့်ဆွေ၏ မင်ခြစ်လက်ရာပန်းချီပြပွဲ)
၈း၀၅	ပြည်တွင်းသတင်းအကျဉ်း
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	စွန့်ပစ်ပစ္စည်းအကျိုးရှိစေမှာ ဇီဝဓာတ်ငွေ့ပေါင်းအိုးပါ
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	နိုင်ငံတကာအနုပညာရေးရာ
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	မြွေအန္တရာယ်နှင့် မြွေအန္တရာယ်ကြောင့် ကျောက်ကပ်ပျက်စီးခြင်းကို ကာကွယ်ကုသခြင်း
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	မိုးလေဝသခန့်မှန်းချက်
၉း၄၅	Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ဦးကိုကို (စက်မှုတက္ကသိုလ်)]
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅	ဂုန်လျှော်နှင့်ဂုန်လျှော်ထွက်ပစ္စည်းများ
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀	Myanmar Video Rhythm
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။





စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလက်မှုဆိုင်ရာ စာရင်းအင်းသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၉

ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြားကျွမ်းကျင်မှု ပညာသင်ဆုပေးရေးအသင်း၊ မြန်မာနိုင်ငံ ဗဟိုစာရင်းအင်း အဖွဲ့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် စီးပွားရေးဆိုင်ရာ လူဦးရေစာရင်းအင်းနှင့် စက်မှုလက်မှုဆိုင်ရာ စာရင်းအင်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပသည်။ **(ဓာတ်ပုံ)**

ဖွင့်ပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး၊ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ ဂျပန်နိုင်ငံ စီးပွားရေးကုန်သွယ်မှုနှင့် စက်မှုလက်မှုဝန်ကြီးဌာန စက်မှုလက်မှုမူဝါဒဆိုင်ရာ ဗျူရိုအဖွဲ့၏ Deputy Director Mr. Toshihim Funse၊ ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြားကျွမ်းကျင်မှု ပညာသင်ဆုပေးရေး အသင်း (AOTS)မှ Managing Director, Mr. Masuio Hushiguchi နှင့် ဗဟိုစာရင်းအင်းဌာနမှ ဒါရိုက်တာ ဒေါ်ဝင်းဝင်းတင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်ပြီးမြောက်အောင် အင်တိုက်အားတိုက်ဆောင်ရွက် မည်သည့်အတားအဆီး၊ အခက်အခဲနှင့် တွေ့စေကာမူ ရည်မှန်းချက်ပန်းတိုင်ရောက်အောင် အားကြိုးမာန်တက်လုပ်ကိုင်

* ကျောဖုံးမှ

ဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၂၀၀၆ ခုနှစ် ဇွန် ၁၇ ရက်တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ (၄/၂၀၀၆) အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း၊ ယခုကျင်းပသည့် အစည်းအဝေးသည် နေပြည်တော်တွင်ကျင်းပသည့် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ ဒုတိယအစည်းအဝေးဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ခေတ္တရပ်နားခဲ့သည့် အမျိုးသားညီလာခံ၌ ယခုနှစ်ကုန်ပိုင်းခန့်တွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပမည်ဟု မိမိပြောကြားခဲ့ကြောင်း၊ နှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပမည်ဖြစ်သဖြင့် အချိန်ကာလအားဖြင့် နီးကပ်လာပြီဟု ပြောရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့အနေဖြင့် မိမိတို့ဆောင်ရွက်လုပ်ကိုင်ရမည့်လုပ်ငန်းများကို ပြီးစီးအောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အခန်းခေါင်းစဉ် ၁၅ ရပ်ကို ချမှတ်ထားကြောင်း၊ ပြီးခဲ့သည့်ညီလာခံ၌ လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုအပိုင်း၊ နိုင်ငံသားများ ၏ အခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက အကြံပြုချက်များ တင်ပြခဲ့ကြပြီးဖြစ်ရာ လာမည့်အမျိုးသားညီလာခံ၌ အသေးစိတ်အခြေခံရမည့် မူများကို ချမှတ်တော့မည်ဖြစ်ကြောင်း။

၇၅ ရာခိုင်နှုန်းခန့်ပြီးစီး

သို့ဖြစ်ရာ ယခုဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းအခြေအနေကို ပြန်လည်သုံးသပ်ရမည်ဆိုပါက လုပ်ငန်းတစ်ရပ်လုံး၏ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဟု ပြောနိုင်ပြီဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မလွဲမသွေ ပေါ်ပေါက်လာရမည်၊ မိမိတို့တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရာ၌ လတ်တလော ဖြေရှင်းဆောင်ရွက်ရမည့် ပြဿနာများကို ဖြေရှင်းဆောင်ရွက်ခဲ့သည့်နည်းတူ အနာဂတ်နိုင်ငံတော်အတွက်လည်း ကြိုတင်မျှော်မှန်း စီမံဆောင်ရွက်လျက်ရှိ။

ပြန်လည်ကျင်းပခဲ့

အမျိုးသားညီလာခံကို ခေတ္တဆိုင်းငံ့ထားခဲ့ရာမှ ၂၀၀၄ ခုနှစ် မေလတွင် ပြန်လည်စတင်ကျင်းပခဲ့ရာ ဆောင်ရွက်ရမည့် အမျိုးသားညီလာခံလုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ အောင်အောင်မြင်မြင်ဖြင့် ဆောင်ရွက်နိုင်ခြင်းမှာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ တက်ညီလက်ညီ ဆောင်ရွက်မှု၊ အမျိုးသားညီလာခံ အစည်းအဝေးများကို ကြီးကြပ်ပေးသည့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အားလုံး၏ အသိစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ပြည့်ဝစွာဖြင့် ပါဝင်ကြိုးပမ်း ဆောင်ရွက်မှုများကြောင့်ပင်ဖြစ်ကြောင်း။

နိုင်ငံသားအားလုံး၏တာဝန်

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ကြောင်း၊ ယင်းအချက်သည် နိုင်ငံတော်အတွက် အရေးကြီးသည့် လိုအပ်ချက်ဖြစ်သကဲ့သို့ အဓိကအကျဆုံးလုပ်ငန်းလည်းဖြစ်ကြောင်း၊ ဤသို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာစေရန် အမျိုးသားညီလာခံက အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ဆောင်ရွက်လျက်ရှိနေခြင်း ပင်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မလွဲမသွေ ပေါ်ပေါက်လာရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အစိုးရ အနေဖြင့် နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရာ၌ လတ်တလော ဖြေရှင်းဆောင်ရွက်ရမည့် ပြဿနာများကို ဖြေရှင်းဆောင်ရွက်ခဲ့သည့်နည်းတူ အနာဂတ်နိုင်ငံတော် အတွက်လည်း ကြိုတင်မျှော်မှန်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံတွင် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးလုပ်ငန်းကို အလေးအနက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိခြင်းဖြစ်ကြောင်း။

သို့ဖြစ်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့အနေဖြင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်ပြီးမြောက်အောင် အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန်နှင့် ယင်းသို့ လုပ်ဆောင်ရာ၌ မည်သည့်အတားအဆီး၊ အခက်အခဲများနှင့် တွေ့ကြုံစေကာမူ မိမိတို့မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရောက်အောင် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက လာမည့်အမျိုးသားညီလာခံအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံ အဆောက်အအုံများ ရာသီဥတုကြောင့် ချို့ယွင်းမှုနှင့် ပြန်လည်ပြင်ဆင်မှုအခြေအနေ၊ လုပ်ငန်းသုံး ပရိဘောဂများ၊ ပစ္စည်းကိရိယာများ ထိန်းသိမ်းထားရှိမှုအခြေအနေနှင့် စီမံခန့်ခွဲမှု ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက တင်ပြသည့် စာတမ်းများကို တက်ရောက်လာကြသော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားကာ ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လက်ရွေးစင်ခြေစမ်းပွဲ ယှဉ်ပြိုင်ကစား လက်ရွေးစင်(ခ)က (က)ကိုအနိုင်ရ

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၆ ခုနှစ် ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်နေသော ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ လူရွေးခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ပြုလုပ်ရာ ပဏာမလက်ရွေးစင်(ခ) အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပဏာမလက်ရွေးစင် (ခ)အသင်း
နှစ်ဂိုး
(စည်သူဝင်းနှင့် အောင်မြင့်အေး)
ပဏာမလက်ရွေးစင် (က)အသင်း
တစ်ဂိုး
(စိုးမြတ်မင်း)
ဒိုင်လူကြီး (ဦးဝင်းချို)

အချိတ်အဆက်မိမိ

နှစ်သင်းစလုံး၏ ကစားပုံမှာ ပထမပွဲကထက် ပိုကောင်းခဲ့သဖြင့် ပွဲမှာ အကြိတ်အနယ်ရှိသည်။

ပါဝင်ကစား

ပဏာမလက်ရွေးစင်(ခ)အသင်းတွင် ဂိုး- သီဟစည်သူ၊ နောက်တန်း- မင်းမင်းထွန်း (ဟန်ဝင်းအောင်)၊ ထူးကျော်၊ မိုးဝင်း၊ အောင်ဇော်မျိုး၊ အလယ်တန်း- အောင်မျိုးသန့်၊ မျိုးမင်းထွန်း၊ အောင်မြင့်အေး၊ ကျော်သီဟ၊ စည်သူသန်း(ဇော်ဇော်)၊ ရှေ့တန်းတွင် စည်သူဝင်း(နိုင်ဝင်း)တို့ ပါဝင်ကစားသွားကြပြီး ပဏာမလက်ရွေးစင်(က) အသင်းတွင် ဂိုး- အောင်အောင်ဦး၊ နောက်တန်း- ဇော်ထက်အောင် (မင်းသူ)၊ ဇော်လင်းထွန်း (အောင်ကျော်မြင့်)၊ ကျော်ဇေယျာမင်း၊ ခင်မောင်လွင်၊ အလယ်တန်း- ကျော်ခိုင်ဝင်း (လာကျဲအိုလွယ်)၊ စိုးသီဟအောင်၊ ခင်မောင်ထွန်း၊ စိုးမြတ်မင်း၊ ကျော်သူရ (အောင်ကျော်ထွန်း)၊ ရှေ့တန်းတွင် ဆန်းဒေးသိန်း(မျိုးလှိုင်ဝင်း)တို့ ပါဝင်ကစားသွားကြသည်။

(ကြေးမုံ)

မန္တလေးမြို့ ကာလ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် ကျောင်းဆောင်အတွက် ရန်ကုန်မြို့ သုဝဏ္ဏ စုပေါင်းအိမ်ရာနေ ဒေါ်လှလှနွယ် ဦးဆောင်သည့် ဓမ္မမိတ်ဆွေများ၏ စုပေါင်းလှူဒါန်းငွေ ကျပ် ၅၀၅၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၀ ကို အကျိုးဆောင် ဒေါက်တာတင်ထားဝင်း လက်ခံရယူကာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။ (က-ပ)

● သွေးလွန်တုပ်ကွေးမှ

ယင်းနိုင်ငံက အသုံးပြုနေသော သမားရိုးကျ သွေးလွန်တုပ်ကွေးရောဂါ စမ်းသပ်နည်းသည် အချိန် ၁၂ ရက်ကြာ စမ်းသပ်ပြီးမှ ရောဂါရှိ၊ မရှိ သိရှိနိုင်သည်။ သို့ရာတွင် ယခုတီထွင်ထုတ်လုပ်ထားသော စမ်းသပ်နည်းသစ်အရ အချိန်လေးနာရီအတွင်း ရောဂါရှိ၊ မရှိ စစ်ဆေးသိရှိနိုင်သည်ဟုဆိုသည်။

ပြည်တွင်းဖြစ် သွေးလွန်တုပ်ကွေးရောဂါ စမ်းသပ်သည့် ကိရိယာတန်ဖိုးမှာ တစ်စုံလျှင် အမေရိကန်ဒေါ်လာ ၃၅ ဒေါ်လာသာကုန်ကျသဖြင့် နိုင်ငံခြားဖြစ်ထက် ဆယ်ပုံတစ်ပုံသက်သာကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ရှိ၊မရှိစမ်းသပ်သည့် ကိရိယာသစ်ကို ဗီယက်နမ် ကျန်းမာရေးနှင့် ရောဂါဗေဒဆိုင်ရာ အမျိုးသားဌာနက တီထွင်ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ ယင်းကိရိယာ၏ ထိရောက်မှုအခြေအနေနှင့် ပတ်သက်၍ အမေရိကန် ရောဂါဗေဒထိန်းချုပ်ရေးဗဟိုဌာနနှင့် ဂျပန်နိုင်ငံ နာဂါဆာကီဆေးတက္ကသိုလ် တို့က စမ်းသပ်လက်ခံထားပြီဖြစ်သည်။

ဗီယက်နမ်တွင် ၂၀၀၅ ခုနှစ်က သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၉၁၀၀ ရှိပြီး သေဆုံးသူ ၅၁ဦးရှိခဲ့သည်။ ၂၀၀၄ ခုနှစ်ကထက် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှု နှစ်မျိုးစလုံးကျဆင်းလာခြင်းဖြစ်သည်။

အင်တာနက်။

လမ်းပန်းဆက်သွယ်ရေးဝေးလံသော ပြည်နယ်၊ တိုင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ အသံလွှင့်ကြေညာပေးမည်

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများအနက်မှ လမ်းပန်းဆက်သွယ်ရေးဝေးလံသော ပြည်နယ်နှင့် တိုင်းများရှိ စာစစ်ဌာနအချို့၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှ ဇူလိုင် ၃၀ ရက် (ယနေ့) (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ၄၁ ဒသမ ၇၅ မီတာက အသံလွှင့်ကြေညာပေးမည်ဖြစ်သည်။

ထိုသို့ကြေညာရာတွင် ကချင်ပြည်နယ်မှ တနိုင်း၊ မချမ်းဘော၊ ပူတာအို၊ နောင်မွန်း၊ ဖားကန့်၊ ဆွမ်ပရာဘွမ်နှင့် ချီဖွေ၊ ကရင်ပြည်နယ်မှ ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကမမောင်း၊ ချင်းပြည်နယ်မှ ကန်ပက်လက်၊ မတူပီ၊ မင်းတပ်နှင့် ပလက်ဝ၊ ရခိုင်ပြည်နယ်မှ ဂွ၊ ကျိန္တလီ၊ ဇရပ်ကုန်းခင်နှင့် မာန်အောင်၊ ရှမ်းပြည်နယ်မှ မိုးမိတ်၊ နမ့်ဆန(မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ မိုင်းရှူး၊ တုန်ဟုန်း၊ မန်တုံနှင့် လောက်ကိုင်၊ တနင်္သာရီတိုင်းမှ ပုလော၊ ဘုတ်ပြင်းနှင့် ပလ၊ မကွေးတိုင်းမှပေါက်၊ ထီးလင်း၊ ဆော၊ လောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့် ငဖဲ၊ စစ်ကိုင်းတိုင်းမှ နန်းယွန်း၊ လေရှီး၊ လဟယ်နှင့် ရန်ကုန်တိုင်းမှ ကိုကိုးကျွန်းစာစစ်ဌာနများကို ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အရေးကြီးသည်မှာ အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများကို မြန်မြန်အကောင်အထည်ဖော်ပြီး မြန်မြန်အကျိုးခံစားနိုင်ရန်

အောက်ခြေဝန်ထမ်းပိုင်းက နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးအတွက် စိတ်ဓာတ်ကောင်းကောင်းဖြင့် မိမိတို့တာဝန်များ ဆောင်ရွက်လာရန် ကြပ်မတ်သွ

* ရှေ့ဖုံးမှ

အစည်းအဝေးတွင် နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာ၌ လျှပ်စစ်စွမ်းအား တိုးတက်ဖွံ့ဖြိုးမှုနှင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့သည် ဆက်စပ်နေသည့်အတွက် နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း ဦးဆောင်ကော်မတီနှင့် နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းတာဝန်ပေးထားခြင်းဖြစ်ကြောင်း။

လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးထားခဲ့ပြီးဖြစ်ရာ မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် အကောင်အထည်ဖော်သင့်သော စီမံကိန်းများ၊ အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများ အခြေအနေတို့ကို ဦးဆောင်ကော်မတီသို့ စိစစ်တင်ပြသွားရမှာဖြစ်ကြောင်း။

လက်ရှိအခြေအနေ

မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေမှာ လယ်ယာထွက်ကုန်များကိုအခြေခံသည့် စက်မှုလုပ်ငန်းများအဆင့်မှ စက်မှုလုပ်ငန်းမျိုးစုံ ထူထောင်သည့်အဆင့်သို့ တက်လှမ်းနေသည့်အချိန်လည်းဖြစ်ရာ လယ်ယာကဏ္ဍတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး၊ လိုအပ်သော လျှပ်စစ်စွမ်းအားကို ဟန်ချက်ညီညီ တိုးချဲ့ထုတ်လုပ်နိုင်ရေးတို့ကို ဦးစားပေးအဆင့်ထား၍ လုပ်ကိုင်လျက်ရှိကြောင်း။

ထို့ကြောင့်လည်း မူလလျှပ်စစ်စွမ်းအား ဝန်ကြီးဌာနကို လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ဝန်ကြီးဌာနနှင့် ဖြန့်ဖြူးရောင်းချသည့် ဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနနှစ်ခု ပြုပြင်ပြောင်းလဲတာဝန်ပေးထားခြင်းဖြစ်ကြောင်း။

အမြန်ပြီးစီးရေး

မိမိတို့လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်အရ တည်ဆောက်ဆဲ လျှပ်စစ်စီမံကိန်းများ အမြန်ပြီးစီးရေးအတွက် ညှိနှိုင်းဦးဆောင်ကြပ်မတ်ရန်သာမက စီမံကိန်းများနှင့် စပ်လျဉ်း၍ ဦးဆောင်ကော်မတီသို့ စိစစ်ထောက်ခံတင်ပြသွားရမှာဖြစ်သဖြင့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးလုပ်ငန်း၊ ဓာတ်အားစနစ်တကျ ဖြန့်ဖြူးရေးလုပ်ငန်းတို့ကို ထိရောက်စွာ တိုက်တွန်းနှိုးဆော်ခြင်း၊ ညှိနှိုင်းပေါင်းစပ်ခြင်း၊ ကြပ်မတ်ခြင်းတို့ကို ပြုလုပ်၍ ပံ့ပိုးကူညီသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းအတွင်း ထည့်သွင်းထားသည့် ရေအားလျှပ်စစ်စီမံကိန်း အကြီးစားနှင့် အလတ်စားများအပြင် ဒေသတွင်းသုံးစွဲရန်အတွက် အကောင်အထည်ဖော်မည့် လျှပ်စစ်စီမံကိန်းအငယ်စားများကိုလည်း ဦးစားပေးအစီအစဉ်များဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်သွားရန် လိုကြောင်း။

နိုင်ငံတော်အကြီးအကဲက အမှတ်(၂) စက်မှုဝန်ကြီးဌာနကိုလည်း ဒေသသုံးအငယ်စား ရေအားလျှပ်စစ်စက်များကို ထုတ်လုပ်နိုင်အောင် စီမံရန် တာဝန်ပေးထားပြီးဖြစ်ရာ မိမိတို့အပိုင်းက ဒေသန္တရသုံး ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် ရေအရင်းအမြစ်များကို ဒေသခံများ၏ အကူအညီရယူ၍ ရှာဖွေတိုင်းတာဆောင်ရွက်သွားရန် အရေးကြီးကြောင်း။

ပြန်လည်စိစစ်

ထို့အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ထားခဲ့သော ဆည်တမံများမှ စိုက်ပျိုးမြေများသို့ ရေပေးဝေရင်း ဒေသသုံးရေအားလျှပ်စစ်စက်ရုံငယ်များကိုပါ ပူးတွဲတည်ဆောက်နိုင်အောင် ပြန်လည်စိစစ်ကြိုးစားရန်လိုကြောင်း။

မဟာဓာတ်အားလိုင်းစနစ်အတွင်း အကျုံးဝင်သည့် စီမံကိန်းကြီးများနှင့် ဒေသအတွင်းသုံးစွဲရန် တည်ဆောက်သည့် စီမံကိန်းများကို မည်သို့မည်ပုံ ဟန်ချက်ညီညီ အကောင်အထည်ဖော်သွားမည်ဆိုသည့် Master Plan တစ်ခုကိုလည်း ခိုင်ခိုင်မာမာ ရေးဆွဲရန်လိုကြောင်း။

တိုးချဲ့ထုတ်လုပ်ရန်

လျှပ်စစ်ဓာတ်အားကို တိုးချဲ့ထုတ်လုပ်ရန် စက်ရုံသစ်များ တည်ဆောက်ခြင်း၊ ဖြန့်ဖြူးမည့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ခေတ်မီအောင် ပြုပြင်ခြင်းများ ပြုလုပ်ရမှာဖြစ်သကဲ့သို့ ဓာတ်အားဖြန့်ဖြူးရောင်းချလျက်ရှိသည့် ဝန်ဆောင်မှုအပိုင်းကိုလည်း တိုးတက်ကောင်းမွန်လာအောင်၊ မသမာသူများမရှိအောင် ကြိုးစားပြုပြင်သွားရန် လိုကြောင်း၊ ဓာတ်အားဖြန့်ဖြူးရာ၌ ဓာတ်အားလျော့နည်း ပျောက်ဆုံးမှုများ ရှိနေဆဲဖြစ်ကြောင်း။

ဓာတ်အားပျောက်ဆုံးမှုတွင် စက်ကိရိယာ ပစ္စည်းပိုင်း၏ အားနည်းမှုကြောင့် ဖြစ်နေသကဲ့သို့ လူ့ပယောဂ၏ မသမာမှုများကြောင့်လည်း ဖြစ်နေကြောင်း၊ ယင်းနှစ်ပိုင်းစလုံးကို ထိထိရောက်ရောက် ပြုပြင်အားထုတ်သွားရမှာဖြစ်ကြောင်း။

ထို့အတူ လျှပ်စစ်ဓာတ်အားခများကိုလည်း မှန်မှန်ကန်ကန် စနစ်တကျ အချိန်မီ ကြပ်မတ်ကောက်ခံနိုင်ရေးကိုလည်း စီစဉ်သွားရန်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချု... ရှင်းလင်းတင်ပြစဉ်။ (သ...

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရှင်းလင်းတင်ပြရာ၌ လျှပ်စစ်ကဏ္ဍ ဓာတ်အားပေးစက်ရုံများ၏ စက်တပ်ဆင်အား အခြေအနေမှာ ၁၉၈၈ ခုနှစ်မတိုင်မီက စက်တပ်ဆင်အား ၂၂၈ ဒသမ ၄၅၃ မဂ္ဂါဝပ်ရှိ ရေအားစက်ရုံ ၁၄ ရုံ၊ မဂ္ဂါဝပ် ၂၈၀ ရှိ ဓာတ်ငွေ့သုံးစက်ရုံ ခုနစ်ရုံ၊ မဂ္ဂါဝပ် ၆၀ ရှိ ရေနွေးငွေ့စက်ရုံ သုံးရုံ စုစုပေါင်း ၅၆၈ ဒသမ ၄၅၃ မဂ္ဂါဝပ်ရှိ စက်ရုံပေါင်း ၂၄ ရုံရှိခဲ့ကြောင်း။

၁၉၈၈ခုနှစ် နောက်ပိုင်း ဓာတ်အားပေးစက်ရုံများကို အသစ်တည်ဆောက်ခဲ့ရာ ၅၁၇ ဒသမ ၂၂၇ မဂ္ဂါဝပ်ရှိ ရေအားစက်ရုံ ၃၀၊ ၂၈၁ မဂ္ဂါဝပ်ရှိ ဓာတ်ငွေ့သုံးစက်ရုံ လေးရုံ၊ မဂ္ဂါဝပ် ၁၂၀ ရှိ ရေနွေးငွေ့စက်ရုံ တစ်ရုံ၊ ၁၅၂ဒသမ ၉ မဂ္ဂါဝပ်ရှိ စွန့်ပစ်အပူသုံး စက်ရုံလေးရုံ စုစုပေါင်း ၁၀၇၁ ဒသမ ၁၂၇ မဂ္ဂါဝပ်ရှိ စက်ရုံပေါင်း ၃၉ရုံ တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း။

ရေအားလျှပ်စစ်

လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေးအတွက် ရေအားလျှပ်စစ်စီမံကိန်း ၁၆ခုကို ဆက်လက်အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်၌ မဂ္ဂါဝပ် ၇၉၀ ရရှိမည့် ရဲရွာရေအား လျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်း ဖြူးမြို့နယ်၌ မဂ္ဂါဝပ် ၆၀ ရရှိမည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်း ဖြူးမြို့နယ်၌ မဂ္ဂါဝပ် ၄၀ ရရှိမည့် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ပဲခူးတိုင်း အုတ်တွင်းမြို့၌ မဂ္ဂါဝပ် ၃၀ ရရှိမည့် ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်၌ ၂၅ မဂ္ဂါဝပ်ရရှိမည့် ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်း ရွှေကျင်မြို့နယ်၌ ၇၅ မဂ္ဂါဝပ်ရရှိမည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်န... ပိုင်း) နမ့်ခမ်းမြို့နယ်၌ မဂ္ဂါဝပ် ၆၀၀ ရရှိ... ရေအားလျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်နယ်(... မိုးနဲမြို့နယ်၌ ၅၄ မဂ္ဂါဝပ်ရရှိမည့် ကျိုင်းတော... လျှပ်စစ်စီမံကိန်း၊ ကရင်ပြည်နယ် သံတော... ၂၁ဒသမ၂ မဂ္ဂါဝပ်ရရှိမည့် ပသိရေအားလျှပ်စစ်... ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ ၁၀၂ မဂ္ဂါဝ... သူဌေးရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်ကြော...

လျာထားသည့်စီမံကိန်းများ

တည်ဆောက်ရန် လျာထားသည့် ရေအ... စီမံကိန်း ၁၅ ခုမှာ မဂ္ဂါဝပ် ၁၆၀ ရရှိမည့်... ကျောက်ကြီးမြို့နယ်မှ ဘောဂတရေအားလျှပ်စ... ၄၈ မဂ္ဂါဝပ်ရရှိမည့် ကယားပြည်နယ် လွိုင်ကေ... ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်း ၊ ပ... မဂ္ဂါဝပ် ၁၄၀ ၊ ဒုတိယအဆင့် မဂ္ဂါဝပ် ၁၄... မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ ဘီးလင်းရေအ... စီမံကိန်း၊ မဂ္ဂါဝပ် ၆၀၀ရရှိမည့် ကရင်ပြည်န... မြို့နယ်မှ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်... ၆၆၀ ရရှိမည့် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်... ရေအားလျှပ်စစ်စီမံကိန်း၊ ၃၉ မဂ္ဂါဝပ်ရရှိမည့် ရခိုင်... သံတွဲမြို့နယ်မှ သံတွဲရေအားလျှပ်စစ်စီမံကိန်း... ၃၀ ရရှိမည့် ရခိုင်ပြည်နယ် ဂွမြို့နယ်မှ ကျိန္တ... လျှပ်စစ်စီမံကိန်း၊ ၅၄ မဂ္ဂါဝပ်ရရှိမည့် ရှမ်း... (တောင်ပိုင်း) မိုးနဲမြို့နယ်မှ အထက်ကျိုင်းတော... လျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၈၀ ရရှိမည့် ချ... ဖလမ်းမြို့နယ်မှ မဏိပူရရေအားလျှပ်စစ်စီမံကိ... ၆၀၀ရရှိမည့် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ်... ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၁၅၀ ရ... ပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်မှ ရွှေလီ(... လျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၅၀၀ ရရှိမည့် ရှ... (မြောက်ပိုင်း) မိုးမိတ်မြို့နယ်မှ ရွှေလီ(၂)ရေအ... စီမံကိန်း၊ မဂ္ဂါဝပ် ၈၀၀ရရှိမည့် ကချင်ပြည်န... နားမြို့နယ်မှ မေခရေအားလျှပ်စစ်စီမံကိန်း၊ ... ရရှိမည့် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်မှ ဒ... ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၂၀ ရရှိမည့်... တိုင်း တနင်္သာရီမြို့နယ်မှ သကျက်ရေအားလျှပ်... တို့ဖြစ်ပြီး စုစုပေါင်းတပ်ဆင်မည့် စက်အင်အ... မဂ္ဂါဝပ် ရရှိမည်ဖြစ်ကြောင်း။

မဟာဓာတ်အားလိုင်း

မဟာဓာတ်အားလိုင်းစနစ်သို့ လက်ရှိ... ဓာတ်အားထုတ်ပေးနေသော ဓာတ်အားပေးစ... ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ဘီလူ... ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ၊ မန္တ... မြစ်သားမြို့နယ်ရှိ ကင်းတားရေအားလျှပ်စစ်ဓ... စက်ရုံ၊ မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ ဆည်... ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကယ... လွိုင်ကော်မြို့နယ်ရှိ ဘီလူးချောင်း(၁) ရေအ... ဓာတ်အားပေးစက်ရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)...

စိတ်ကူးယဉ်အိပ်မက်အဆင့်မျိုးမဟုတ်

ထမံသီစီမံကိန်းပါဝင်သည့် ချင်းတွင်းမြစ်ဝှမ်း စီမံကိန်းများ၊ မေခမြစ်ဆုံစီမံကိန်း၊ အဆင့်ဆင့်သော ရွှေလီစီမံကိန်း၊ ဟတ်ကြီးစီမံကိန်း၊ တာဆန်းစီမံကိန်း စသည့် ရေအားလျှပ်စစ်စီမံကိန်းကြီးများမှာလည်း စိတ်ကူးယဉ်အိပ်မက်အဆင့်မျိုးမဟုတ်တော့ဘဲ လက်တွေ့ကျကျ အစပျိုး အကောင်အထည်ဖော်နေသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်၍ အနာဂတ်မျှော်မှန်းချက်အရ ပြည်တွင်းသုံးစွဲမှုကို လုံလောက်ဖူလုံစေရုံသာမက နောင်တွင် လျှပ်စစ်ဓာတ်အားကို ပြည်ပသို့ပင် ရောင်းချနိုင်မည့် အခြေအနေရှိနေ။

မြန်မြန်အကျိုးခံစားနိုင်ရန်ဖြစ် ဆောင်ရွက်လာရန် ကြပ်မတ်သွန်သင်

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်၌ မဂ္ဂါဝပ် ၆၀၀ ရရှိမည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၅၄ မဂ္ဂါဝပ်ရရှိမည့် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ကရင်ပြည်နယ် သံတောင်မြို့နယ်၌ ၂၁ဒသမ၂ မဂ္ဂါဝပ်ရရှိမည့် ပသိရေအားလျှပ်စစ်စီမံကိန်းနှင့် ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ ၁၀၂ မဂ္ဂါဝပ် ရရှိမည့် သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်ကြောင်း။

လျာထားသည့်စီမံကိန်းများ

တည်ဆောက်ရန် လျာထားသည့် ရေအားလျှပ်စစ်စီမံကိန်း ၁၅ ခုမှာ မဂ္ဂါဝပ် ၁၆၀ ရရှိမည့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်မှ ဘောဂတရေအားလျှပ်စစ်စီမံကိန်း၊ ၄၈ မဂ္ဂါဝပ်ရရှိမည့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ

မြို့နယ်ရှိ ဇော်ဂျီ(၁)နှင့် ဇော်ဂျီ(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ ဇောင်းတူ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ စစ်ကိုင်းတိုင်း ကွန်းလှမြို့နယ်ရှိ သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မကွေးတိုင်း စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးဓာတ်အားပေးစက်ရုံတို့ဖြစ်ပြီး စုစုပေါင်း လျှပ်စစ်ဓာတ်အား ၈၃၂ မဂ္ဂါဝပ် တပ်ဆင်စက်အင်အားရှိကြောင်း။

ဦးစားပေး တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများမှာ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ ရွှေလီ ရေအားလျှပ်စစ်စီမံကိန်း၊ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းနှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်ပြီး ရဲနွယ်၊ ခပေါင်းနှင့် ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသုံးခုမှာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဗိုလ်ချုပ် ... (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်း ၊ ပထမအဆင့် မဂ္ဂါဝပ် ၁၄၀ ၊ ဒုတိယအဆင့် မဂ္ဂါဝပ် ၁၄၀ ရရှိမည့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ ဘီးလင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၆၀၀ရရှိမည့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်မှ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၆၆၀ ရရှိမည့် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်မှ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း၊ ၃၉ မဂ္ဂါဝပ်ရရှိမည့် ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ သံတွဲရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ ရရှိမည့် ရခိုင်ပြည်နယ် ဂွမြို့နယ်မှ ကျိန္တလီရေအားလျှပ်စစ်စီမံကိန်း၊ ၅၄ မဂ္ဂါဝပ်ရရှိမည့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်မှ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၈၀ ရရှိမည့် ချင်းပြည်နယ် ဖလမ်းမြို့နယ်မှ မဏိပူရရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၆၀၀ရရှိမည့် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ်မှ တနင်္သာရီ ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၁၅၀ ရရှိမည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်မှ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၅၀၀ ရရှိမည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်မှ ရွှေလီ(၂)ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၈၀၀ရရှိမည့် ကချင်ပြည်နယ်မြစ်ကြီးနားမြို့နယ်မှ မေခရေအားလျှပ်စစ်စီမံကိန်း၊ ၂၅မဂ္ဂါဝပ် ရရှိမည့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်မှ ဒယိုင်ချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၂၀ ရရှိမည့် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ်မှ သကျက်ရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်ပြီး စုစုပေါင်းတပ်ဆင်မည့် စက်အင်အားမှာ ၄၃၄၆ မဂ္ဂါဝပ် ရရှိမည်ဖြစ်ကြောင်း။

မဟာဓာတ်အားလိုင်း

မဟာဓာတ်အားလိုင်းစနစ်သို့ လက်ရှိ လျှပ်စစ်ဓာတ်အားထုတ်ပေးနေသော ဓာတ်အားပေးစက်ရုံ ၁၁ရုံမှာ ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ဘီလူးချောင်း(၂) ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ၊ မန္တလေးတိုင်း မြစ်သားမြို့နယ်ရှိ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ဘီလူးချောင်း(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရှင်းလင်းတင်ပြရာ၌ မဟာဓာတ်အားလိုင်းစနစ်သို့ လျှပ်စစ်ဓာတ်အား ထုတ်ပေးနေသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှာ ဘီလူးချောင်း (၁)၊ ဘီလူးချောင်း(၂)၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)၊ ကင်းတား၊ ဆည်တော်ကြီး၊ ဇောင်းတူ၊ သဖန်းဆိပ်၊ ပေါင်းလောင်းနှင့် မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြစ်ကြောင်း စုစုပေါင်းရေအားလျှပ်စစ် ၇၁၂ မဂ္ဂါဝပ်ဖြစ်ကြောင်း။

သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှာ ရွာမ၊ ကျွန်းချောင်း၊ မန်း၊ သထုံ၊ ရွှေတောင်၊ မြန်အောင်၊ သာကေတ၊ အလုံနှင့် လှော်ကားစက်ရုံများဖြစ်ပြီး စုစုပေါင်း စက်တပ်ဆင်အင်အား လျှပ်စစ်ဓာတ်အား ၅၄၉ ဒသမ ၉ မဂ္ဂါဝပ်ရှိကြောင်း။

ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံများမှာ အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတ၊ တီကျစ်နှင့် မော်လမြိုင်တို့ရှိ စက်ရုံများဖြစ်ပြီး စုစုပေါင်း လျှပ်စစ်ဓာတ်အား ၂၈၅ မဂ္ဂါဝပ် ထုတ်ယူရရှိနိုင်သည့် စက်အင်အားရှိကြောင်း၊ ဓာတ်အားပေးစက်ရုံစုစုပေါင်း ၂၅ခုက လျှပ်စစ်ဓာတ်အား ၁၅၄၆ ဒသမ ၉ မဂ္ဂါဝပ် ထုတ်ပေးနိုင်သည့် စက်အင်အား ရှိကြောင်း၊ သို့ရာတွင် အကြောင်းအမျိုးမျိုးများကြောင့် ၂၀၀၅ခုနှစ်အတွင်း အမြင့်ဆုံးမဂ္ဂါဝပ် ၈၁၀ ကျော်၊ အနိမ့်ဆုံး ၆၀၁ မဂ္ဂါဝပ်ကျော် ထုတ်လုပ်နိုင်ကြောင်း။

တိုးချဲ့တည်ဆောက်ခဲ့

မိမိတို့ ဝန်ကြီးဌာန၌ ၂၃၀ ကေဗွီဓာတ်အားခွဲရုံ ၁၂ရုံ၊ ၁၃၂ ကေဗွီဓာတ်အားခွဲရုံ ၁၆ရုံ၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ၄၇ရုံ စုစုပေါင်း ပင်မဓာတ်အားခွဲရုံ ၇၅ရုံ ရှိပြီး ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ၃၇ရုံ တိုးချဲ့တည်ဆောက်ခဲ့ကြောင်း။

မဟာဓာတ်အားလိုင်းများအနေဖြင့် ၈၃၄ ဒသမ ၁၆ မိုင်ရှည် ၂၃၀ ကေဗွီဓာတ်အားလိုင်း ၁၃လိုင်း၊ ၁၀၅၆ ဒသမ ၇၃ မိုင်ရှည် ၁၃၂ ကေဗွီဓာတ်အားလိုင်း ၁၉လိုင်း၊ ၁၂၂၄ ဒသမ ၉၂ မိုင်ရှည် ၆၆ ကေဗွီဓာတ်အားလိုင်း ၅၂လိုင်းရှိကြောင်း၊ ဓာတ်အားလိုင်း စုစုပေါင်း

- မဟာဓာတ်အားလိုင်းစနစ်အတွင်း အကျုံးဝင်သည့် စီမံကိန်းကြီးများနှင့် ဒေသအတွင်း သုံးစွဲရန် တည်ဆောက်သည့် စီမံကိန်းများကို မည်သို့မည်ပုံ ဟန်ချက်ညီညီ အကောင်အထည်ဖော်သွားမည်ဆိုသည့် Master Plan တစ်ခုကိုလည်း ခိုင်ခိုင်မာမာ ရေးဆွဲရန်လို။
- ဓာတ်အား ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ဝန်ဆောင်မှုအပိုင်းကိုလည်း တိုးတက်ကောင်းမွန်လာအောင်၊ မသမာသူများမရှိအောင် ကြိုးစားပြုပြင်။
- လျှပ်စစ်ဓာတ်အားခများကိုလည်း မှန်မှန်ကန်ကန် စနစ်တကျ အချိန်မီ ကြပ်မတ်ကောက်ခံနိုင်ရေးကိုလည်း စီစဉ်။

၈၄လိုင်းရှိပြီး ဓာတ်အားတိုင်အရေအတွက်အားဖြင့် ၂၄၉၄၃ တိုင်ရှိကြောင်း။

မဟာဓာတ်အားလိုင်းစီမံကိန်း

ဓာတ်အားစီးဆင်းမှု ကောင်းမွန်စေရေးအတွက် ဆက်လက်တည်ဆောက်ရမည့် မဟာဓာတ်အားလိုင်းစီမံကိန်းများမှာ ၁၇၇ မိုင်ရှည် တောင်ငူ-ကျောက်တံခါး-ပဲခူး-သန်လျင် ၂၃၀ ကေဗွီဓာတ်အားလိုင်းစီမံကိန်း၊ ၁၀၅မိုင်ရှည် မိတ္ထီလာ-တောင်တွင်းကြီး ၂၃၀ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း၊ မိုင် ၆၀ရှည် ပဲခူး-မြောင်းတကာ ၂၃၀ ကေဗွီဓာတ်အားလိုင်းစီမံကိန်း၊ ၁၂မိုင်ရှည် ရွှေစာရံ-အောင်ပင်လယ် ၂၃၀ ကေဗွီဓာတ်အားလိုင်း စီမံကိန်းတို့ဖြစ်ကြောင်း။

အသစ်တည်ဆောက်မည့် ရေအားလျှပ်စစ်စက်ရုံများနှင့် ဆက်နွှယ်သော မဟာဓာတ်အားလိုင်း စီမံကိန်းသစ်များမှာ မိုင် ၁၈၀ ရှည် မဏိပူရ-မုံရွာ ၂၃၀ ကေဗွီဓာတ်အားလိုင်းစီမံကိန်း၊ မိုင် ၁၀၀ ရှည် ကြီးအုံကြီးဝ-မင်းဘူး ၁၃၂ ကေဗွီဓာတ်အားလိုင်းစီမံကိန်း၊ ၆၉မိုင်ရှည် သူ့ဌေး-ဥသျှစ်ပင် ၂၃၀ ကေဗွီဓာတ်အားလိုင်းစီမံကိန်း၊ ၂၄မိုင်ရှည် ဥသျှစ်ပင်-ရွှေတောင် ၂၃၀ ကေဗွီဓာတ်အားလိုင်းစီမံကိန်းတို့ ဖြစ်ကြောင်း။

ပျောက်ဆုံးခဲ့

နှစ်အလိုက် ဓာတ်အားထုတ်လုပ်မှု၊ သုံးစွဲမှု၊ ပျောက်ဆုံးမှုအခြေအနေမှာ ၁၉၈၈-၈၉ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားယူနစ် ၂၂၂၆ ဒသမ ၄၅ သန်း ထုတ်လုပ်ခဲ့ပြီး ယူနစ်ပေါင်း ၁၄၇၅ ဒသမ ၅၅ သန်း သုံးစွဲခဲ့ကြောင်း၊ ဓာတ်အားပျောက်ဆုံးမှု အနေဖြင့် ၇၅၀ဒသမ ၉၀သန်း၊ ရာခိုင်နှုန်းအားဖြင့် ၃၄ရာခိုင်နှုန်း ဓာတ်အားများ ပျောက်ဆုံးခဲ့ကြောင်း။

၂၀၀၅-၂၀၀၆ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားယူနစ် ၆၀၆၄ ဒသမ ၁၆ သန်း ထုတ်လုပ်ခဲ့ပြီး ၄၄၃၁ ဒသမ ၀၆ သန်း သုံးစွဲခဲ့ကြောင်း၊ ဓာတ်အား ပျောက်ဆုံးမှု အနေဖြင့် ၁၆၃၃ ဒသမ ၁၀ သန်း ဆုံးရှုံးပြီး ရာခိုင်နှုန်းအားဖြင့် ဓာတ်အားများ ၂၇ ရာခိုင်နှုန်း ပျောက်ဆုံးခဲ့ပါကြောင်း စသည်ဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဓာတ်အားရယူရောင်းချမှုအပေါ် အရှုံးအမြတ်အခြေအနေ၊ ပြည်နယ်၊ တိုင်းအလိုက် နေ့၊ည ဓာတ်အား လိုအပ်ချက်ပမာဏတို့ကိုပါ တင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရေအားလျှပ်စစ် ထုတ်ယူရရှိရေးအတွက် မိမိတို့ ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် စီမံကိန်းများ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ရေလှောင်တမံများမှ ရေအားလျှပ်စစ် ထုတ်ယူရရှိရေး ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က လျှပ်စစ်မီတာပုံးများနှင့် မဟာဓာတ်အားလိုင်းများမှ သုံးစွဲသည့် ပြည်ပမှ ဝယ်ယူနေရသော ဓာတ်ကြိုးများ၊ (ACSR)တို့ကို မိမိဝန်ကြီးဌာနရှိ စက်ရုံများမှ ထုတ်လုပ်လျက်ရှိသည့် အခြေအနေနှင့် နောင်ဆက်လက် ထုတ်လုပ်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့တွင်းများ တူးဖော်မှု၊ ပိုက်လိုင်းများ သွယ်တန်းတပ်ဆင်နေမှု၊ ဓာတ်ငွေ့ဖြန့်ဖြူးပေးနိုင်မှု အခြေအနေတို့ကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ကဏ္ဍ၏ အနေအထားကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ် မှာကြားရာ၌ နိုင်ငံတော်၏အစီအမံဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည်မှာ အရှိန်အဟုန် ရနေပြီဖြစ်ကြောင်း။

ပြည်ပသို့ရောင်းချနိုင်

ထမံသိစီမံကိန်းပါဝင်သည့် ချင်းတွင်းမြစ်ဝှမ်း စီမံကိန်းများ၊ မေခမြစ်ဆုံစီမံကိန်း၊ အဆင့်ဆင့်သော ရွှေလီစီမံကိန်း၊ ဟတ်ကြီးစီမံကိန်း၊ တာဆန်းစီမံကိန်း စသည့် ရေအားလျှပ်စစ် စီမံကိန်းကြီးများမှာလည်း စိတ်ကူးယဉ်အိပ်မက်အဆင့်မျိုးမဟုတ်တော့ဘဲ လက်တွေ့ကျကျ အစပျိုး အကောင်အထည်ဖော်နေသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်၍ အနာဂတ်မျှော်မှန်းချက်အရ ပြည်တွင်းသုံးစွဲ မှုကို လုံလောက်ဖူလုံစေရုံသာမက နောင်တွင် လျှပ်စစ်ဓာတ်အားကို ပြည်ပသို့ပင် ရောင်းချနိုင်မည့် အခြေအနေရှိနေပြီဖြစ်ကြောင်း။

အရေးကြီးသည်မှာ အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများကို မြန်မြန်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မြန်မြန်အကျိုးကျေးဇူးခံစားနိုင်ရန်ဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းလုပ်ငန်းခွင်များသို့ အမြဲမပြတ် ကွင်းဆင်းထိတွေ့ပြီး အောက်ခြေအဖွဲ့အစည်းများကို အားပေးနေရန် ဖြစ်ကြောင်း။

ကြပ်မတ်သွန်သင်

မိမိတို့၏ အောက်ခြေဝန်ထမ်းအပိုင်းများက နိုင်ငံတော်အကျိုး၊ ပြည်သူများ၏အကျိုးအတွက် ရဲရဲတင်းတင်း လုပ်ကိုင်တတ်လာအောင်၊ စိတ်ဓာတ်ကောင်းကောင်းဖြင့် မိမိတို့တာဝန်များကို ဆောင်ရွက်လာအောင် ကြပ်မတ်သွန်သင်မှုများပြုလုပ်၍ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ညနေ ၆နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၇-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အရေးပြိုင်ပွဲ
၈:၁၀ ၇။ ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ် ရေကူ)ရေလှောင်တမံ
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **မြန်မာဗီဒီယိုဇာတ်လမ်း "နှုတ်မဆက်တမ်း" (လွင်မိုး၊ စိုးမြတ်နန္ဒာ၊ ပွင့်နဒီမောင်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]**
၁:၂၀ ၅။ **"တစ်ချက်ခုတ် ဆယ်ချက်ပြတ် ရနိုင်တဲ့အကျိုးအမြတ်" ရှမ်းပြည်နယ်(မြောက်ပိုင်း)**
၁:၃၅ ၆။ အဆိုပြိုင်ပွဲ
၁:၅၀ ၇။ တံတားအလှပန်းလောင်
၂:၀၀ ၈။ အကပြိုင်ပွဲ
၂:၁၀ ၉။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ" (မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေရီကျော်ကျော်) [ဒါရိုက်တာ-မောင်ယဉ်ကျော်]**
၂:၂၀ ၁၀။ အတီးပြိုင်ပွဲ
၂:၃၀ ၁၁။ ကွန်ချောင်းရေလှောင်တမံ
၂:၄၅ ၁၂။ International News.
၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Every day Use.
၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)**
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၅:၁၅ ၆။ လက်ဆင့်ကမ်းပေး ဂီတတေး
၅:၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ သီရိဂေဟာ
၇:၀၀ ၁၁။ Discovery.
၇:၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖြူစင်မေတ္တာ" (အပိုင်း-၁၈)**
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာပန်းတိုင်" (အပိုင်း-၆)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူခရိုင် စိုက်ပျိုးရေရရှိရေး ရေလှောင်တမံများနှင့် မြစ်ရေတင်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၉

မကွေးတိုင်း ပခုက္ကူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊မကွေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် ရွှေတန့်တစ် ကျေးရွာအနီးရှိ ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မကွေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး ဦးတင်မောင်အေးထူးက ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်း၏ မြစ်ရေတင်နိုင်မှုနှင့် မိုးစပါးစိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပခုက္ကူဒေသ၏ မြစ်ရေတင်စီမံကိန်းများမှ စိုက်ပျိုးရေပိုမိုပေးဝေရေးနှင့် စပါးတိုးချဲ့စိုက်ပျိုးရေးအတွက် လိုအပ်သည်များကို မှာကြား ကာ ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပထမအဆင့်သို့ မြစ်ရေတင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် ဧရာဝတီမြစ်ရေကို အမြင့် ၁၀၃ ပေသို့ ၁၄ ကျူဆက်ပင်မ ရေတင်စက်ရုံတစ်ခု၊ ထပ်ဆင့်ရေတင် စက်ရုံသုံးခုတို့ဖြင့် တင်ယူ၍ လက်တံ မြောင်း ၁၁ ခုဖြင့် စိုက်ဧက ၅၀၀၀ သို့ စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် ရွှေတန့်တစ် သရက္ခန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား သွား ရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ကို ပေးအပ်လှူဒါန်း သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကြီးရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ ရေအရင်းအမြစ် အသုံး ချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က ကြီးရွာ လျှပ်စစ်မြစ် ရေတင်စီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင် ရွက်မှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သည် မြစ်ရေတင် အဆင့်(၃)၌ မြောင်း များ တည်ဆောက် ပြီးစီးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန် ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြီးရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း သည် ဧရာဝတီမြစ်ရေကို အမြင့်ပေ ၅၀ မှ ပင်မရေတင်စခန်းနှင့် ထပ်ဆင့် ရေတင်စခန်းရှစ်ခုတို့ဖြင့် ရေစုပ်စက် ၃၀ ကျူဆက် ကီလိုဝပ် ၂၅၀ လေးလုံး၊ ကီလိုဝပ် ၂၀၀ ကီလိုဝပ် ၁၅ လုံး၊ ၁၈၅ ကီလိုဝပ် ရှစ်လုံး၊ ကီလိုဝပ် ၁၁၀ ခုနစ်လုံး၊ စုစုပေါင်း ရေစုပ်စက် ၃၄ လုံးဖြင့် ရေတင်ပြီး ပင်မမြောင်း အရှည် ပေ ၄၃၀၀၀၊ လက်တံမြောင်း ၁၂ ခု၊ အရှည် ပေ ၆၆၅၈၀ တို့ဖြင့် သွယ်တန်း ကာ စပါးစိုက်ဧကပေါင်း ၅၀၀၀ ကို စိုက်ပျိုးရေ ဖူလုံစွာပေးနိုင်မည့် စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ မြောက်ဘက် ပခုက္ကူ–ရေစကြို ကား လမ်းရှိ အစိုးရနည်းပညာကောလိပ် (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး ဒေါက်တာ အောင်မျိုး လင်းက ကောလိပ်၏ သင်ကြားရေးနှင့် စီမံကိန်းဆိုင်ရာများကို လည်းကောင်း၊ တည်ဆောက်ရေး တာဝန်ခံ Civil Tech Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးအုန်းမြင့်က ပင်မစာသင် ဆောင် ဆောက်လုပ်ရေးဆိုင်ရာများ ကိုလည်းကောင်း ရှင်းလင်းတင်ပြကြ သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ဆဲ ပင်မစာသင်ဆောင် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများ အား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူ–ရေစကြိုလမ်း မိုင်တိုင် (၁၀/ ၄)ရှိ ကျောက်ထပ်တောင်၌ ကျင်းပ သော ရေစကြိုမြို့နယ် ခြိစည်းရိုး ကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက် ကြပြီး သတ်မှတ်နေရာများတွင် ခြိစည်း ရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေစကြိုမြို့နယ် ဌာနဆိုင်ရာများ၊ လူမှု ရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများ၏ ခြိစည်းရိုးကြက်ဆူပင် ၂၁ ဧက စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား ရှင်းလင်း ဆောင်၌ ရေစကြိုမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က ကျောက်ထပ်တောင်တွင် ခြိစည်းရိုးကြက်ဆူပင် ၂၅ ဧက စိုက်ပျိုး ရန် လျာထားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ခြိစည်းရိုးကြက်ဆူပင်များကို လက်ရှိ သစ်တောစိုက်ခင်းနှင့် သီးနှံ စိုက်မြေတို့မှအပဖြစ်သော မြေလွတ် များ၌ တစ်အုပ်တစ်မ စိုက်ပျိုးကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေစကြိုမြို့နယ် ဂွေးချိုကျေးရွာအနီးရှိ ဂွေးချို ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဒေါင်းက ဂွေးချို ရေလှောင်တမံဆိုင်ရာ အချက်အလက် များ၊ ဆည်ချောင်းတမံ၊ မြေခဲတောင် တမံနှင့် ကိုင်းမကြီးဆည်တို့၏ ရေသို လှောင်နိုင်မှု အခြေအနေများကိုလည်း ကောင်း၊ မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးသောင်းထိုက်က ဒေသရှိ သစ်တော များနှင့်သစ်တောစိုက်ခင်းများ ထိန်းသိမ်း စောင့်ရှောက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ် သည်များကို မှာကြားပြီး ရေလှောင် တမံ တည်ဆောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဂွေးချို ရေလှောင်တမံစီမံကိန်းကို ရေစကြိုမြို့နယ် စည်သာကျေးရွာအုပ်စု ဂွေးချိုရွာ အနောက်ဘက်ရှိ ဆင်မဝင်း ချောင်းပေါ်၌ အလျားပေ ၁၉၀၀၊ အမြင့် ၄၃ ပေရှိ မြေသားတမံအဖြစ် တည် ဆောက်၍ ကန်ရေပြည့် ရေလှောင် ပမာဏဧကပေ ၁၄၀၀ အထိ ရေလှောင် ပြီး သံကူကွန်ကရစ် အမျိုးအစား ရေထုတ်ပြွန်အရှည်ပေ ၂၀၀၊ အလျား ပေ ၄၀၊ အကျယ်ပေ ၆၀ရှိ ရေပိုလွှဲ တို့ဖြင့် အလျားပေ ၁၅၀၀၀ ရှိတူးမြောင်း တူးဖော်ကာ စပါးစိုက်ဧက ၄၀၀ တို့ကို စိုက်ပျိုးရေ ပေးဝေသွားရန် တည် ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခန်းကြီးမြို့ဟောင်းရှိ စည်သူရှင် သရက္ခန်ဗုဒ္ဓရုပ်ပွားတော်အား သွား ရောက် ဖူးမြော်ကြည်ညို၍ အလှူငွေများ ကို ပေးအပ်လှူဒါန်းပြီး ဘုရားပရိဝုဏ် အတွင်း ပြုပြင်မွမ်းမံဆောင်ရွက်နေမှု များကို ကြည့်ရှုစစ်ဆေးကာ တာဝန် ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေစကြိုမြို့နယ် မြေခဲတောင်ကျေးရွာ အနီးရှိ မြေခဲတောင် ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်း ဆောင်၌ မကွေးတိုင်း ဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေ ဒေါင်းနှင့်တာဝန်ရှိသူများက မြေခဲ တောင် ရေလှောင်တမံစီမံကိန်း လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကိုလည်း ကောင်း၊ မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော် က မြို့နယ်၏ မိုးစပါးစိုက်ပျိုး ဆောင် ရွက်မှု အခြေအနေများကို လည်း ကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များ နှင့်အတူ တည်ဆောက်ပြီးစီးနေပြီ ဖြစ် သော မြေခဲတောင် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးကြသည်။

မြေခဲတောင် ရေလှောင်တမံကို ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေးနှင့် ဒေသ စိမ်းလန်းစိုပြည်ရေးတို့အတွက် ရည်ရွယ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံမှာ အလျားပေ ၁၃၀၀၊ အမြင့် ၄၄ ပေရှိပြီး ကန်ရေပြည့်ရေလှောင် ပမာဏမှာ ဧကပေ ၂၈၈၀ စုဆောင်း သိုလှောင်နိုင်ပြီး ရေလှောင်တမံမှ ပေ ၁၂၀၀၀ရှိ တူးမြောင်းမကြီးမှတစ်ဆင့် ဆည် ရေသောက် လယ်မြေများသို့ ဆည်ရေ ပေးဝေသွားနိုင်မည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူမြို့နယ် ကြီးရွာ လျှပ်စစ် မြစ်ရေတင် အဆင့် (၃)၌ မြောင်းများ တည်ဆောက်ပြီးစီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေစကြို မြို့ရှိ နယ်မြေခံတပ်ရင်း ရန်အောင်မြင် ခန်းမ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည် များနှင့် မိသားစုဝင်များအား တွေ့ဆုံ ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင် ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်း များ တိုးချဲ့ဆောင်ရွက်ရေး၊ ကြက်ဆူပင် များစိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြား ပြီး မိသားစုဝင်များအတွက် ထောက်ပံ့ ပစ္စည်းများကို ပေးအပ်ကာ စစ်သည်များ နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နယ်မြေခံတပ်ရင်းအတွင်း ခြိစည်းရိုးကြက်ဆူပင်နှင့် နှစ်ရှည်ပင် စိုက်ပျိုးထားရှိမှုများကို လည်းကောင်း၊ မြေအောက်ရေကို အဝီစိတွင်း တူးဖော် ထုတ်ယူ၍ စပါးခင်းများအား ရေသွင်း စိုက်ပျိုးထားမှုနှင့် ဖြစ်ထွန်းအောင်မြင် နေသော စပါးခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရေစကြိုမြို့အဝင်ရှိ အမျိုး သမီး အိမ်တွင်းမှုနှင့် အသက်မွေး လုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိ ရာ ကျောင်းအုပ် ဒေါ်ညိုညိုရှိန်က သင်တန်းခန်းမ၌ သင်တန်းသူ ၅၀ တို့အား အခြေခံစက်ချုပ်သင်တန်း သင်ကြားပေးနေမှုကို လိုက်လံရှင်းလင်း ပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာ အုပ်စု ဆင်ချောင်းရေလှောင်တမံသို့ ရောက်ရှိကြရာ တမံရှင်းလင်းဆောင်၌ မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဒေါင်းနှင့် အဖွဲ့ဝင်များက ဆည်ရေသောက်ဧရိယာ များ၌ စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက် မှုအခြေအနေများကို ရှင်းလင်းတင်ပြ ကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိုးစပါးစိုက်ဧက ပိုမိုတိုးတက် စိုက်ပျိုး ရန်နှင့် ဆည်ရေသောက် စပါးစိုက်လယ် ဧက တိုးတက်အောင် ဆောင်ရွက်ရန် မှာကြားကာ ဆင်ချောင်းရေလှောင်တမံ ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆင်ချောင်းရေလှောင်တမံကို ၁၉၉၅ ခုနှစ်က တည်ဆောက်ပြီးစီးဖွင့်လှစ် ခဲ့ပြီး ဆည်ရေသောက်ဧက ၁၀၀၀ ကို ဆည်ရေ ပေးဝေနိုင်သည်အထိ ရေလှောင်ပမာဏရရှိအောင် ဆောင်ရွက် ခဲ့ကြောင်းသိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သည်ဧက ၁၅၀ ဆည်ရေသောက် ဧရိယာရှိသော ကိုင်းမကြီးဆည်ကို သွား ရောက်ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)



ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ရွာမ အနောက်ရပ်ကွက်၊ မင်းစေတီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခဲ့ရာ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေးကြပြီး ဦးစီးမှူး ဒေါ်ခင်နှင်းကြည် က စာအုပ်မျိုးစုံ ၁၀၀၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှကြည်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း၊ မီးသတ်တပ်ဖွဲ့ တို့မှ စာအုပ်၊ စာစောင်မျိုးစုံကို စာကြည့်တိုက်မှူး ဦးစိုးအောင်နိုင်ထံသို့ လှူဒါန်းစဉ်။ (ခရိုင်ပြန်/ဆက်)

မွန်ပြည်နယ်သည် ရော်ဘာပြည်နယ်ဖြစ်ရမည် သစ်တောများတွင် တန်ဖိုးရှိအပင်များဖြင့်အစားထိုး ခြံစည်းရိုးကြက်ဆူပင်များ နေရာလပ်မကျန်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် သံဖြူဇရပ်နှင့် မုဒုံမြို့နယ်အတွင်းရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားလျက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အောင်မြင်ရေးအတွက် တပ်မတော်သားများသည် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်းဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားပြီး လက်ဆောင်ပစ္စည်းများအသီးသီးပေးအပ်၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံ

ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ မော်လမြိုင်မြို့ ရာမညခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် စိုက်ပျိုးရေး တိုးတက်မြင့်မားရေး အဖွဲ့များအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ရှေးဦးစွာ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်က သထုံခရိုင်အတွင်း ယခုနှစ် မိုးစပါးဧက ၄၉၅၂၂၀ လျာထားသည့်အနက် ၂၅၆၃၇၄ဧက စိုက်ပျိုးပြီးစီးမှု၊ ရော်ဘာ၊ ဧရာတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်က မော်လမြိုင်ခရိုင်အတွင်း ယခုနှစ်မိုးစပါးဧက၅၀၄၇၈၀ လျာထားသည့်အနက် ၃၀၇၀၂၁ ဧက စိုက်ပျိုးပြီးစီးမှု၊ ရော်ဘာ၊ ဧရာတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရော်ဘာပြည်နယ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရော်ဘာကို လျာထားချက် ကျော်လွန်အောင် စိုက်ပျိုးကြရမည်ဖြစ်ပြီး မွန်ပြည်နယ်သည် ရော်ဘာပြည်နယ် ဖြစ်ရမည် ဖြစ်ကြောင်း၊ ပြည်ပဈေးကွက်ဈေးကောင်းနေချိန်တွင် ပုဂ္ဂလိက လုပ်ငန်းရှင်များ လုပ်ကိုင်မည်ဆိုပါက လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

သစ်တောများတွင်လည်း တန်ဖိုးမရှိသည့် အပင်များအစား နိုင်ငံတော်၏ တောတောင်များတွင် တန်ဖိုးရှိအပင်များဖြင့် အစားထိုးစိုက်ပျိုးရန် လိုအပ်ကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် နေရာလပ်မကျန် စိုက်ပျိုးကြရမည် ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းတာဝန်များကို ပေါ့ပေါ့ဆဆ လုပ်ဆောင်၍မရကြောင်း။

အဓိက သီးနှံ၁၀မျိုးအပြင် အမယ်သစ်သီးနှံများပါ ဖြစ်ထွန်းအောင်မြင်ရေး၊ပန်းတိုင်အတွက်နှုန်းရရှိရေးကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ ဖိတ်ခေါ်ပြီး မုတ္တမ၊ဝင်းကန် ပြည်ထောင်စုကားလမ်းမကြီး ဘေးဝဲယာ၌ မြေလွတ်မြေရိုင်းများဖော်ထုတ်၍ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်လာနိုင်ရန် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နောင်တိုးတက်လာမည့် လူဦးရေနှင့်အညီ မိုးစပါး စိုက်ပျိုးရေးလျာထားချက်ပြည့်မီကျော်လွန်ရန် စိုက်ပျိုးရေးတိုးတက်မြင့်မားရေးအဖွဲ့နှင့် ဌာနဆိုင်ရာများက ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စက်မှုလုပ်ငန်း အထိုက်အလျောက် ဖွံ့ဖြိုးလျက်ရှိကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများတွင် ပြည်သူများ ယခုထက်ပိုမို ပူးပေါင်းပါဝင်လာအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အကျိုးအတွက် ဆောင်ရွက်ကြရာတွင် ဌာနဆိုင်ရာဝန်ထမ်းများက အသိတရားရှိရှိ ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် မြိုင်ကြီးငူ အထူးဒေသသို့ ရောက်ရှိကြပြီး ဘေသဇ္ဇမုနိ ကြေးသွန်းဘုရားကြီး၌ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇန၏ ကျန်းမာရေးအခြေအနေ၊ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ မေးမြန်းလျှောက်ထားပြီး ဆရာတော်ကြီးအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီခွဲတွင် ကော့ကရိတ်မြို့ ခုတင်(၁၀၀) ဆံ့ ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ဟုမ်းတောက်ကုမ္ပဏီမှဦးအောင်မိုးကျော်က လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဦးဌေးနောင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီး မြေညီထပ်ရှိ ခွဲစိတ်ခန်းနှင့် သားဖွားဆောင်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ စံချိန်စံညွှန်း ပြည့်မီရေး၊ ရေကောင်းရေသန့်ရရှိရေးအတွက် စနစ်တကျ ဆောင်ရွက်ရေး၊ ဆေးရုံဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါကော့ကရိတ်ခုတင်(၁၀၀)ဆံ့ ဆေးရုံ အဆောက်အအုံသစ်သည် အလျားပေ ၁၇၀၊အနံ ၁၄၂ပေ၊ အမြင့် ၂၈ပေရှိပြီး နှစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံဖြစ်သည်။ ဆေးရုံအဆောက်အအုံသစ်တွင် မြေညီထပ်၌ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ သားဖွားလူနာဆောင်၊ အထူးကြပ်မတ်ဆောင်တို့ ပါဝင်ပြီး ပထမထပ်တွင် ခွဲစိတ်ခန်း၊ ခွဲစိတ်လူနာဆောင်၊ အထူးကြပ်မတ်ဆောင်တို့ ပါဝင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ရိပ်သာသို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ဗိုလ်တထောင် စေတီတော်တွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၂၉

(၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း၈ရက်) ဩဂုတ် ၁ ရက် မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဦးစီးပဓာန နာယက ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဝိနယပါရဂူဘဒ္ဒန္တနရိန္ဒာဘိဝံသ ကလည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသကလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့ကရိတ်မြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှကြီးမှူး၍ မူးယစ်ဆေးဝါးသုံးစွဲခဲ့သူများအတွက် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများအား ကူညီဆောင်ရွက်ပေးရန်အတွက် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဆင်းပွဲကို ယမန်နေ့နံနက် ၉နာရီတွင် လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း(ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်၊ ညွှန်ကြားရေးမှူးဦးမြင့်သိန်းနှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းသိပ္ပံကျောင်းအုပ်ကြီးဒေါ်ထွေးမြင့်၊ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းဥက္ကဋ္ဌ ဦးစံရှိန်နှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က သင်တန်းဆင်း အမှာစကားပြောကြား၍ သင်တန်းသား၊သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက်သင်တန်းသား၊ သင်တန်းသူများကိုယ်စား ဒေါ်ဆွေဆွေညွှန့်(သာကေတမြို့နယ်)က ကျေးဇူးတင်စကားပြောကြားသည်။ ယင်းသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာရက် သတ္တနှစ်ပတ် ကြာမြင့်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅ ၁၀။ဆရာတော်ဦးဃောသိတတရားတော် -သောတာနုဂတ္တသုတ်
၉:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၉:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အချစ်နဲ့သံယောဇဉ်
၁:၅၉ ၆။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၇။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၅၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅ ၁၃။ အံ့ဩဖွယ်ရာဆက်ကပ်ပညာ
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံယောဇဉ်" (အပိုင်း-၁)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်ကသိုင်းလုလင်" ဒုတွဲ (အပိုင်း-၁၁)
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

ပြည် ပ အား က စား သ တင်း များ

အက်ရှ်လေကိုးလ်အား ခေါ်ယူရေး အာဆင်နယ်နှင့် ချယ်လ်ဆီး ဆွေးနွေး

လန်ဒန် ဇူလိုင် ၂၉

အာဆင်နယ်နောက်တန်းလူ အက်ရှ်လေကိုးလ်အား ချယ်လ်ဆီးအသင်းသို့ ခေါ်ယူရေးနှင့်ပတ်သက်၍ အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ အလွတ်သဘောဆွေးနွေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ကစားလျက်ရှိကြသော ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ဆွေးနွေးလျက်ရှိသော်လည်း လောလောဆယ်အနေဖြင့် အသေးစိတ်ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိသေးကြောင်း အာဆင်နယ်အသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဒီယင်က ပြောကြားသည်။

ဆွေးနွေးမှုများပြုလုပ်ရာတွင် တစ်စုံတစ်ရာ ထူးခြားတိုးတက်မှု မရှိပါက အက်ရှ်လေကိုးလ်သည် မိမိတို့အသင်း၌ပင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဒေးဗစ်ဒီယင်က ပြောကြားသည်။

အက်ရှ်လေကိုးလ်သည် အာဆင်နယ်အသင်းတွင် ၂၀၀၈ ခုနှစ်အထိ ကစားရန် လွန်ခဲ့သည့် ဇူလိုင်လက ကန်ထရိုက်စာချုပ်သက်တမ်းတိုးသည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ **အင်တာနက်။**

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်စဉ်က တွေ့ရသော အက်ရှ်လေကိုးလ်။

(ဓာတ်ပုံ-အင်တာနက်)

ရီးယဲလ်မဒရစ်အသင်းသို့ ဗန်နစ္စတယ်လ်ရွိုင်းရောက်ပြီ

မဒရစ် ဇူလိုင် ၂၉

မန်ချက်စတာယူနိုက်တက်အသင်းမှ ရီးယဲလ်မဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန်ဟူသော မိမိ၏မျှော်လင့်ချက်အိပ်မက်မှာ ပြည့်ဝပြီဖြစ်ကြောင်း ဒတ်ချ်လူမျိုးတိုက်စစ်မှူးရုဒ်ဗန်နစ္စတယ်လ်ရွိုင်းက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အသက်၃၀အရွယ်ရှိ ဗန်နစ္စတယ်လ်ရွိုင်းသည် ကျန်းမာရေးဆေးစစ်ချက် အောင်မြင်ခဲ့ပြီးနောက် စပိန်ကလပ်အသင်းနှင့် သုံးနှစ်ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။ ဗန်နစ္စတယ်လ်ရွိုင်းသည် ရီးယဲလ်မဒရစ်အသင်း၏ အသင်းသားသစ်အဖြစ် မီဒီယာများနှင့် မိတ်ဆက်နိုင်ရန် ယင်းအသင်း၏ ဘာနာဘူးအားကစားရုံတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

ဗန်နစ္စတယ်လ်ရွိုင်းအား ရီးယဲလ်မဒရစ်အသင်း၏ ဝတ်စုံသစ်နှင့်အတူ သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သုံးစွဲခဲ့

ရီးယဲလ်မဒရစ်အသင်းသည် ဗန်နစ္စတယ်လ်ရွိုင်းအားခေါ်ယူနိုင်ရန် ယူရို ၁၅ သန်းခန့် သုံးစွဲခဲ့ရသည်။

ဗန်နစ္စတယ်လ်ရွိုင်းသည် မန်ချက်စတာ ယူနိုက်တက်အသင်း မန်နေဂျာ ဖာဂူဆန်နှင့် ကြိမ်ဖန်များစွာ သဘောထားကွဲလွဲမှု ရှိခဲ့ပြီးနောက် ယင်းအသင်းမှ ထွက်ခွာခွင့်ရရှိရန် တောင်းဆိုခဲ့သည်။

အင်တာနက်။

စီးရီးအေ ချန်ပီယံဖလား အင်တာမီလန်ထံ လွှဲပြောင်းပေးအပ်

မီလန် ဇူလိုင် ၂၇

အီတလီနိုင်ငံတွင် လုပ်ပွဲများ ကစားမှုအရှုပ်တော်ပုံနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်မှုများ ပြုလုပ်ခဲ့ပြီးနောက် အီတလီဘောလုံးအဖွဲ့ချုပ်က ၂၀၀၅-၂၀၀၆ခုနှစ် စီးရီးအေဘောလုံးပြိုင်ပွဲ၏ ချန်ပီယံဆုဖလားကို အင်တာမီလန်အသင်းထံ လွှဲပြောင်းပေးအပ်လိုက်ကြောင်း ဇူလိုင် ၂၇ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဂျူဗင်တပ်စ်အသင်းသည် လွန်ခဲ့သည့်ဘောလုံးရာသီများတွင် စီးရီးအေ ချန်ပီယံဆုဖလားကိုရရှိခဲ့သည်။ အေစီမီလန်အသင်းမှာမူ စီးရီးအေဘောလုံးပြိုင်ပွဲတွင် ဒုတိယနေရာရရှိသည်။ သို့ရာတွင် ယင်းအသင်းနှစ်သင်းစလုံးသည် လုပ်ပွဲများကစားမှုအတွက် ပြစ်ဒဏ်ပေးခံခဲ့ရသဖြင့် ပထမနှင့်ဒုတိယရရှိသော အသင်းများအဖြစ်မှ ပြန်လည်ပယ်ဖျက်ခံလိုက်ရသည်။

အဖွဲ့ဝင်သုံးဦးပါ အဖွဲ့သည် ၂၀၀၄-၂၀၀၅ခုနှစ် စီးရီးအေဘောလုံးပြိုင်ပွဲ၏ ချန်ပီယံဆုဖလားကို မည်သည့်အသင်းရရှိသည်ဟု ဆုံးဖြတ်ပေးခြင်းမရှိပေ။

အီတလီ ဘောလုံးအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ မိမိတို့နှစ်ထောင်အားရမှု ဖြစ်မိကြောင်း အင်တာမီလန်အသင်းဥက္ကဋ္ဌ မက်စီမိုမော်ရာတီကပြောကြားသည်။

အင်တာနက်။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၈)လမ်းနေ ဒေါ်ပုပု မိသားစုက သားကြီး ကိုနေလင်းထွန်း မွေးနေ့အဖြစ် ဘိုးဘွားများ တစ်နေ့စာနှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၁၅၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

သာသနာလင်္ကာရအကျော်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာတင်သွင်းနိုင်

ရန်ကုန် ဇူလိုင် ၂၉

ပခုက္ကူမြို့ သာသနာ့စက္ကပဝတ္တက အသင်းကြီး၏ အဌမအကြိမ် သာသနာလင်္ကာရအကျော်စာမေးပွဲ အာဂုံပြန်ဆိုပွဲကို ၁၃၆၈ခုနှစ် ပြာသိုလဆန်း ၇ရက်တွင်လည်းကောင်း၊ ရေးဖြေစာမေးပွဲကို ပြာသိုလဆန်း ၉၊ ၁၀၊ ၁၁ ရက်များတွင် လည်းကောင်း ကျင်းပမည်ဖြစ်ပါ၍ ၁၃၆၈ခုနှစ် ပြာသိုလဆန်း၇ရက်အထိ သက်တော်(၂၇)နှစ်ထက်မကြီးသော စာဖြေသံဃာတော်များ၊ သီလရှင်များသည် ဝင်ခွင့်လျှောက်လွှာများကို ပခုက္ကူမြို့ အမှတ်(၈)ရပ်ကွက် ရွှေကူမမ္မာရုံ သာသနာ့စက္ကပဝတ္တကအသင်း အတွင်းရေးမှူးထံသို့ ၁၃၆၈ ခုနှစ် တော်သလင်းလဆန်း၁ရက်မှ သီတင်းကျွတ်လကွယ်အထိ အရောက်ပေးပို့နိုင်ကြောင်းနှင့် ဖုန်း-၀၆၂-၂၁၁၄၀၊ ၂၉၀၉၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဆေးတက္ကသိုလ်(၁)ရန်ကုန် အာစရိယပူဇော်ကန်တော့ပွဲ

ရန်ကုန် ဇူလိုင် ၂၉

ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ၁၉၆၄ခုနှစ်မှ စတင်၍ ပညာသင်ယူခဲ့ကြသော ဆေးတက္ကသိုလ်(၁)၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် မွေးမြူရေးနှင့်ကုသရေး ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏(၁၉၆၄-၂၀၀၆)(၄၂)နှစ်မြောက်အထိမ်းအမှတ်စုပေါင်းအာစရိယပူဇော်ကန်တော့ပွဲကို ၂၀၀၇ခုနှစ်၊ ဇန်နဝါရီ၂၀ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပရန် နာယက ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးစီမံကိန်းဦးစီးဌာနဥက္ကဋ္ဌ၊ ဒေါက်တာ ဦးအောင်မွန်၊ ပါမောက္ခချုပ် ဆေးဝါးတက္ကသိုလ်၊ အတွင်းရေးမှူး ဒေါက်တာဦးမြင့်အောင်ခင်တို့ပါဝင်သော ကျင်းပရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အငြိမ်းစားယူပြီး အဆက်အသွယ်ပြတ်နေသော ဆရာကြီး၊ ဆရာမကြီးများ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုမှသော်လည်းကောင်း၊ဆက်သွယ်ကြပါရန် အနူးအညွတ် ပန်ကြားအပ်ပါသည်။ ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါက်တာအောင်မွန် ဖုန်း ၀၁-၅၂၇၀၄၃၊ ဒေါက်တာအေးမြင့် ဖုန်း ၀၁-၇၀၄၅၆၁၊ ၀၁-၅၆၅၉၁၁၊ ဒေါက်တာဥမ္မာလွင် ဖုန်း ၀၁-၃၇၅၈၆၄၊ ဒေါက်တာစိန်မြင့် ဖုန်း ၀၉-၆၉၇၁၀၄၂၊ ဒေါက်တာ တင်မောင်ဝင်း (PSI) ဖုန်း ၀၉-၅၀၀၇၆၂၇၊ ဒေါက်တာတင်ဦး (PSI) ဖုန်း ၀၂-၇၀၅၃၄နှင့် ဒေါက်တာ မြင့်အောင်ခင် ဖုန်း ၀၁-၆၂၉၃၆၇ တို့သို့ ဆက်သွယ်၍ ဓာတ်ပုံ ကိုယ်ရေး မှတ်တမ်းနှင့် အလှူငွေများကို ပေးပို့နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

၃၀-၇-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။



မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်

၂၀၀၆ခုနှစ် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၉း၃၀ နာရီအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ကျောက်တော်မြို့နှင့် မချမ်းဘောမြို့တို့တွင် ၂ ဒသမ ၇၂ လက်မစီ၊ အမ်းမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၈၁ လက်မနှင့် ဟားခါးမြို့တွင် ၁ ဒသမ ၅၇ လက်မနှင့် နေပြည်တော်တွင် ၀ ဒသမ ၂၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

၂၀၀၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညနေအထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၀ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်)	**၂၈-၇-၂၀၀၆**
အနိမ့်ဆုံးအပူချိန် ၁၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၇ ဒီဂရီဖာရင်ဟိုက်)	**၂၉-၇-၂၀၀၆**
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၉ ရာခိုင်နှုန်း	**၂၉-၇-၂၀၀၆**
နေပူသည့်နာရီပေါင်း ၃ ဒသမ ၁ နာရီခန့်	**၂၈-၇-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၉-၇-၂၀၀၆	၀.၈၃ လက်မ	၀.၉၈ လက်မ	၀.၃၆ လက်မ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၅၁.၇၇လက်မ	၆၂.၅၂လက်မ	၆၈.၉၀လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၈-၇-၂၀၀၆ရက် ၁၅း၀၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၅ မိုင်နှုန်း တိုက်ခတ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့အသိပေးချက်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (M.E.P.E) နှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အားသုံးစွဲသူများ၏ မီတာများကို တာဝန်ကျမီတာစာရေးများက လစဉ်အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်–

၁။ လ၏၁ ရက်နေ့မှ ၅ရက်နေ့အတွင်း တာဝန်ကျမီတာစာရေးများမှ ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။
၂။ လ၏ ၆ ရက်နေ့မှ ၁၀ရက်နေ့အတွင်း ငွေတောင်းခံလွှာများ ပြုလုပ်ပါမည်။
၃။ လ၏၁၁ရက်နေ့မှ၁၅ရက်နေ့အတွင်းမီတာဖတ်စာရေးများမှ ကျသင့်ငွေတောင်းခံလွှာများအား ထပ်မံလာရောက် ဝေငှပါမည်။
၄။ လ၏ ၁၆ရက်နေ့မှ ၂၅ရက်နေ့အတွင်း ဓာတ်အားသုံးစွဲသူများမှ မိမိတို့ပေးဆောင်ရမည့် ကျသင့်ငွေများအားသက်ဆိုင်ရာ မြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် ငွေပေးသွင်းရမည့် သတ်မှတ်ရက်အလိုက် မပျက်မကွက်လာရောက်ပေးဆောင်ရပါမည်။
၅။ လ၏ ၂၆ရက်မှစ၍ သတ်မှတ်ရက်အတွင်း ငွေပေးသွင်းရန် ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှုခံရပါမည်။
၆။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများမှ လ၏ ၁ရက်မှ ၅ရက်နေ့အတွင်း မီတာများအလွယ်တကူဖတ်ရှုနိုင်ရေး၊ လ၏ ၁၁ရက်မှ ၁၅ရက်အတွင်း ငွေတောင်းခံလွှာများ လာရောက်ပေးမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

(အထက်ပါ ဆောင်ရွက်ချက်များကို ဇူလိုင်လ သုံးစွဲသော မီတာအား ဩဂုတ်လ ၁ရက်နေ့တွင် စတင်ဖတ်ခြင်းမှ ပြုလုပ်သွားမည် ဖြစ်ပြီး နောင်လစဉ် အထက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်။)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

မြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၉

မြစ်ငယ်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၀၆စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၆၃စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၄၈စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေအမှတ် စင်တီမီတာ ၇၅၀အထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

သဲအင်းဂူခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်းတောင်ဥက္ကလာပ မြို့နယ် (၅) ရပ်ကွက် အမှတ်(၄) ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍိဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာ တရားတော်များကို ဩဂုတ် ၇ရက်မှ ၁၃ရက် အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများ ဩဂုတ် ၆ရက် ညနေအရောက် ကြွရောက်ပါရန်နှင့် ဓမ္မဗိမာန်တော်ကြီး တည်ဆောက်နေပါသဖြင့် စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတို့လှိုင်သာယာမြို့နယ် အမကကျောင်းများသို့ စာသင်ခုံများ လှူဒါန်းစဉ်။ (၁၉)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြို့စဝယ်ကျော် (ဖူးဖူး) အတွက် မွေးနေ့ဆုတောင်း

တစ်ဦးတည်းသော ချစ်သားလေး မြို့စဝယ်ကျော် စတုတ္ထတန်း(B) T.T.C ၏ (၃၀-၇-၂၀၀၆) ရက်နေ့တွင် ကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ကျန်းမာချမ်းသာ ပြည့်စုံပြီး ချစ်သားလေး၏ လိုအင်ဆန္ဒများ ပြည့်ဝပြီး ထူးချွန်ထက်မြက်သော သားတော်။ ရတနာလေး ဖြစ်ပါစေ။

ချစ်သော ဖိုးဖိုး မွားမွား
ချစ်သော ဦးဦး ဒေါ်ဒေါ်
ချစ်ဖေဖေ - ဦးဝင်းကျော် (တိုချောင်း)
ချစ်မာမား - ဒေါ်မိုးမိုးလွင် (3D စတိုး၊ ကောဇသောင်း)
ချစ်မမ - မြရှိရှိလွင်
ချစ်ညီမလေး - မြတ်နိုးသီရိကျော် ပထမတန်း (A) T.T.C

လှိုင်သာယာမြို့နယ် အခြေခံပညာကျောင်းများသို့ စာသင်ခုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက် ၇နာရီ ၁၅မိနစ်တွင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအမှတ်(၆)၌ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက လှိုင်သာယာမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများသို့ စာသင်ခုံနှင့် စာရေးကိရိယာများပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး စာသင်ခုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမင်းသိမ်း၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အစီအစဉ်အရ ရေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန်က လှိုင်သာယာမြို့နယ် အတွင်းရှိ စာသင်ကျောင်းများသို့ စာရေးခုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က လှိုင်သာယာ မြို့နယ်အတွင်း အမက(၂)သို့ စာသင်ခုံနှင့် ထိုင်ခုံတွဲလျက် အစုံ ၁၂စုံ၊ အမက(၆)သို့ အစုံ ၂၀၊ အမက(၈)သို့ ရှစ်စုံ၊ အမက(၁၁)သို့ ၁၀ စုံ၊ အမက(၁) သို့ ၁၀စုံတို့ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံရယူကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က စာရေးကိရိယာများဖြစ်သည့် ဗလာစာအုပ် ဒါဇင် ၇၀နှင့် ခဲတံဒါဇင် ၁၅၀တို့ကို အခြေခံပညာ မူလတန်းကျောင်း ၁၀ကျောင်းတို့သို့ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် ရွှေလင်ပန်းကျေးရွာ စည်းရုံးရေးမှူး ဦးအေးတင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ၁၁၁၈စောင်ကို လှိုင်သာယာမြို့နယ်အသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းထံ ပေးအပ်သည်။

ဆက်လက်၍ လှိုင်သာယာမြို့နယ် ပညာရေးမှူး ဦးတင်မောင်ဦးက ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှိုင်သာယာ မြို့နယ်အတွင်းရှိ စာသင်ကျောင်းများသို့ စာရေးခုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၁၉)

ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့်အမြန်ရောင်းမည်

၁။ မဟာဗန္ဓုလကွန်ဒို 3A/C Ph အဆင့်မြင့်ပြင်ဆင်ပြီး ရှုခင်းကောင်းသည်။ (နေရန်အသင့်)
၂။ ရွှေဘုံသာလမ်း(မြေညီ) (၁၀ပေ၊x၁၈ပေ) (စီးပွားရေးလုပ်ရန် နေရာကောင်း)
၃။ တာမွေပလာဇာရှေ့ (တိုက်သစ်) (၂၀ပေ x ၇၀ပေ) 3F (အလယ်ခန်း) 4F (အလယ်ခန်း) (ထောင့်ခန်း)၊ 5F (အပေါ်ဆုံးထပ်အလယ်ခန်း) သမိန်ဗရမ်းလမ်းမပေါ် Hall Type
၄။ ရတနာအိမ်ရာ(၁) (၂၀၀ပေ x ၁၀၀ပေ) VIP နေရာသန့်၊ ခွဲရောင်းမည်။ (ရေ၊မီးစုံ)
၅။ ရတနာအိမ်ရာ (၁၀၀ပေ၊x၉၀ပေ) ထောင့်ကွက်၊ ခြံစည်းရိုးခတ်ပြီး။ (ရေ၊မီးစုံ)
၆။ ရတနာအိမ်ရာ (၁၂၀ပေ၊x၉၀ပေ၊) တံခါး(၂)ပေါက်၊ ထောင့်ကွက်။ (ရေ၊မီးပါ)
၇။ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ ကနောင်လမ်းမကြီးပေါ်၊ အုတ်တံတိုင်းခတ်ပြီး (၁)ဧက 315KV ဂိုဒေါင်ပါ
၈။ ပြင်ဦးလွင်ဂေါက်ကွင်း အရှေ့တည့်တည့် ခြံ (၁၂၀ပေx၈၀ပေ) (1.5 RC) ပြင်ဆင်ပြီး နေရာကောင်း။
၉။ မြောက်ဒဂုံ၊ ရာဇာဓိရာဇ်လမ်းမပေါ် (၁၃၀ပေx၁၀၀ပေ) ခွဲရောင်းမည်၊ (အိမ်ပါရေ၊မီးစုံ)
၁၀။ မြောက်ဒဂုံ၊ (၃၉)ရပ်ကွက်၊ ဦးဘဝင်းလမ်း(၅၀ပေ x ၅၀ပေ) (အိမ်ပါ၊ မီး၊ အဝီစိရေ)

ဆက်သွယ်ရန်လိပ်စာ

အမှတ်(၆၆၆)၊ (ပ)ထပ်၊ အခန်း(၄)၊ ရွှေဘုံသာလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း–၂၄၁၁၉၄၊ ၂၄၆၇၉၂ (လိုင်းခွဲ) ၈၀၁၊
၀၉–၈၀–၃၂၄၁၀၊ ၀၉–၅၀–၂၁၉၄၈

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ဒေါ်တင်တင်ဝင်း၏ (၆၅) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ခင်ပွန်းဒေါက်တာသိန်းသန်း၊ သမီးဒေါက်တာ စောစန္ဒာသန်း မိသားစုက အလှူတော် ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အကျိုးတော် ဆောင်များထံ ဇွန် ၂၀ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သူရ(၂)လမ်းနေ ဒေါ်ယဉ်နှင့် ညီမဒေါ်ခင်စု၊ သမီး မမြင့်မြင့်အေးတို့က စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ကပွေးကြီးရွာ စတုဘုမ္မိကကျောင်း စက်ရေတွင်းတူးရန်အတွက် အလှူငွေကျပ် ၃၅၀၀၀၀ ကို ဆရာတော် အရှင်ကုမာရထံ ရေစက်ချအနုမောဒနာနာယူပြီး ဦးဝင်းကြိုင် (ဂေါပကအတွင်းရေးမှူး)ထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိ နှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပမည်ဖြစ်သဖြင့် အချိန်ကာလအားဖြင့် နီးကပ်လာလာမည့်အမျိုးသားညီလာခံ၌ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်တော့မည်

ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းအခြေအနေကို သုံးသပ်ပါက ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဟုဆိုနိုင်

နေပြည်တော် ဇူလိုင် ၂၉

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေး (၅/၂၀၀၆)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဆွေးနွေးမှာကြားသည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေး (၅/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာ၌ အမျိုးသားညီလာခံကြီးကိုပြန်လည်ကျင်းပရန်အတွက် ယခုအခါ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းအဝဝကို

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၆ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇူလိုင် ၃၀ ရက် (ယနေ့) (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အောင်စာရင်းများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းနှင့် မြို့နယ်အသီးသီးတို့ရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌ တစ်ချိန်တည်းကြေညာထားကြောင်း သိရှိရသည်။

ထို့အပြင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့၌လည်း ရန်ကုန်တိုင်းမှအပ အခြားပြည်နယ်နှင့်တိုင်းများ၏ အောင်စာရင်းများကို ကပ်ထားပေးကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး

✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး

✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး

✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror **အင် တာ နက် သ တင်း**

သွေးလွန်တုပ်ကွေးရောဂါ ရှိ၊ မရှိ စမ်းသပ်သည့်ကိရိယာသစ်တစ်မျိုး ဗီယက်နမ် တီထွင်

ဟန်နွိုင်း ဇူလိုင် ၂၉

သွေးလွန်တုပ်ကွေးရောဂါ ရှိ၊ မရှိကို အချိန်တိုအတွင်း စမ်းသပ်ဖော်ထုတ်ပေးမည့် ကိရိယာသစ်တစ်မျိုးကို ဗီယက်နမ်ဆေးပညာရှင်များက တီထွင်နိုင်ပြီဖြစ်ကြောင်း ဇူလိုင် ၂၆ ရက်နေ့ထုတ် ဗီယက်နမ်နယူး သတင်းစာတွင် ဖော်ပြခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●

ဓာတ်ခွဲခန်းအတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် စပ်လျဉ်း၍ စမ်းသပ် လေ့လာနေသောပညာရှင် တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ– အင်တာနက်)